# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ဂုဏ်သတင်းပျံ့နှံ့လှိုင်ကြူ

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရှန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လှိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၁ ရက် | ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ် (၀၉၁)


## ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး
သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ
ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့် သဝဏ်လွှာ
( ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက် )

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့ ခရစ်နှစ် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၃၀) ရက်၊ ကရင်သက္ကရာဇ် ၂၇၆၄ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ် ပြာသိုလဆန်း(၁) ရက်နေ့သည် ကရင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အမြတ်တနိုးတန်ဖိုးထားသည့် ကရင်နှစ်သစ်ကူး နေ့ထူးနေ့မြတ်ဖြစ်ပါသည်။ ကရင်နှစ်သစ်ကူး အခါသမယတွင် ကရင်တိုင်းရင်းသားများအပါအဝင် မိဘပြည်သူအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ ✻


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြိုတေးဂီတဖျော်ဖြေပွဲ ပါဝင်ဆင်နွှဲကြသူများဖြင့် စည်ကား

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ အပန်းဖြေပျော်ရွှင်စေရန်နှင့် ၂၀၂၅ ခုနှစ် နှစ်သစ်ကို သာယာပျော်ရွှင် ချမ်းမြေ့စွာ ကြိုဆိုနိုင်ရန်ရည်ရွယ်၍ ကျင်းပသည့် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်း အမှတ် ၁ နှင့် ၂ ၌ ကျင်းပရာ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ (ယာပုံ)

ယနေ့သည် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်နှင့် အညီ မွန်းလွဲပိုင်းမှစတင်၍ ဒေသခံပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် ဂီတဖျော်ဖြေပွဲကျင်းပမည့် ဝဏ္ဏသိဒ္ဓိအားကစားလေ့ကျင့်ရေးကွင်းများအတွင်းသို့ မိသားစုအလိုက်၊


စာမျက်နှာ ၅ ကော်လံ ၁ ○





**ယနေ့ ဖတ်စရာ**

**သက်တမ်းရင့် လွတ်လပ်ရေးနှင့် ပြည်သူများ၏ ဆန္ဒမီးရှူးတိုင်**


ဆောင်းပါး | စာ ၁၀




**မြိတ်ကျွန်းစုဒေသထွက် သဘာဝ ငှက်သိုက်များ ယခုနှစ်တွင် ဝယ်လိုအားနည်း၍ ဈေးကွက်ငြိမ်နေ**


ပြည်တွင်းသတင်း | စာ ၁၈




**ပွင့်ဖြူမြို့နယ်၌ ယခုနှစ် စိုက်ပျိုးခဲ့သော ဆောင်းသီးနှံ နှမ်း ဧက ၇၈၅၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်**


ပြည်တွင်းသတင်း | စာ ၂၅

# (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များနှင့်အညီ

မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသည့် လက်နက်ကိုင်ပဋိပက္ခမှာ ကမ္ဘာပေါ်တွင် အရှည်ကြာဆုံးအဖြစ် စာရင်းဝင်သည်။ လွတ်လပ်ရေးရပြီး လပိုင်းမျှအကြာတွင် စတင်တောက်လောင်ခဲ့သည့် လက်နက်ကိုင် ပဋိပက္ခမီးတောက်မီးလျှံများမှာ ၇၇ နှစ်တာ ကာလတစ်လျှောက် နည်းခြင်းများခြင်းသာရှိခဲ့ပြီး လုံးဝချုပ်ငြိမ်းသွားသည်ဟူ၍ မရှိခဲ့။ ရလဒ်မှာ နိုင်ငံမတိုးတက်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုနွံထဲ ကျရောက်နေရခြင်းပင်ဖြစ်သည်။

လက်ရှိမိမိတို့နိုင်ငံ ဖြတ်သန်းနေရသည့် အခြေအနေမှာ ရောင်စုံသောင်းကျန်းသူများ ပြည်တွင်း၌ ထကြွသောင်းကျန်းခဲ့ကြသည့် ကာလနောက်ပိုင်း အကျယ်ပြန့်ဆုံးသော အကြမ်းဖက်ဖျက်ဆီး တိုက်ခိုက်မှုများနှင့် ကြုံတွေ့နေရချိန်ဖြစ်ပြီး ကမ္ဘာ့အခြေအနေအရ လည်းကောင်း၊ ပထဝီနိုင်ငံရေးအရလည်းကောင်း နိုင်ငံ၏အမျိုးသား အကျိုးစီးပွားအတွက် အန္တရာယ်ကြီးမားလျက်ရှိသည်။ မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးတို့ အတူတကွနေထိုင်ရာ ပြည်ထောင်စုနိုင်ငံ ဖြစ်ရာ၊ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့သည် နိုင်ငံ၏ အသက် တစ်နည်းအားဖြင့် အမျိုးသားအကျိုးစီးပွားပင်ဖြစ်သည်။ ထိုအရေးသုံးပါးတို့သည် တစ်ခုနှင့်တစ်ခု အပြန်အလှန် အမှီသဟဲပြုထားသော သုံးချောင်းထောက်မဏ္ဍိုင်တစ်ခု သဖွယ်ပင်ဖြစ်ပြီး တစ်ခုပြိုလဲသည်နှင့် အားလုံးပြိုလဲကျသွားမည် ဖြစ်သည်။

နိုင်ငံအတွင်းဖြစ်ပေါ်နေသည့် ပဋိပက္ခများအားလုံးတို့သည် အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲခြင်းကြောင့်ဖြစ်ရာ နိုင်ငံ အစွန့်ရှည်တည်တံ့ရန်မှာ စည်းလုံးညီညွတ်မှုကို တည်ဆောက်၍ ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် နိုင်ငံကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန်လိုသည်။ ထို့ပြင် ချွတ်ချော်တိမ်းပါးခဲ့သည့် ဒီမိုကရေစီကို လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိလာရန် အတွက် ရွေးကောက်ခံအစိုးရတစ်ရပ် ပေါ်ပေါက်လာစေရန် တရားမျှတမှန်ကန်သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန် အတွက်လည်း အရေးပေါ်ကာလအစိုးရနှင့် ပြည်သူတို့ ပူးပေါင်းကြိုးပမ်းကြရမည်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟူသည် မည်သည့်အစိုးရအဖွဲ့က တာဝန်ယူသည်ဖြစ်စေ၊ စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်သာ ဖြစ်ရာ တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်စေရန် ပြည်သူလူထု၏ အားဖြင့် စုပေါင်းဆောင်ရွက်ကြရန်လိုသည်။ ၎င်းအပြင် အင်အား ခိုင်မာတောင့်တင်းသည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ရန်မှာ နိုင်ငံ၏အဓိကအားသုံးအားဖြစ်သော နိုင်ငံရေး အင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားတို့ကို မြှင့်တင်ရန်၊ တစ်မျိုးသားလုံး၏ ဝိသေသလက္ခဏာဖြစ်သော အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြင့်မားရန် လိုအပ်သည့်အလျောက် မိမိတို့မျှော်မှန်းသည့် ပန်းတိုင်သို့ ရောက်အောင် မလျှော့သော ဖွဲ့ လုံ့လ ဝီရိယ၊ တစ်စုတစ်စည်းတည်း ခိုင်မြဲသော စည်းလုံးညီညွတ်မှုတို့ဖြင့် တစိုက်မတ်မတ် လျှောက်လှမ်း ကြရမည်လည်း ဖြစ်သည်။

သို့ဖြစ်ရာ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေး ဦးတည်ချက် (၅) ရပ်ဖြစ်သော (၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး၊ (၂) နိုင်ငံသူနိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ထိန်းသိမ်းရေး၊ (၃) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေ ရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး၊ (၄) ပြည်ထောင်စုကြီး တစ်ခုလုံး ဘက်စုံထောင့်စုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထု တစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး၊ (၅) "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့်ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေးတို့ နှင့်အညီ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော နိုင်ငံသူ နိုင်ငံသားပြည်သူတစ်ရပ်လုံးက မဆုတ်မနစ် အားမာန်သစ်တို့ဖြင့် စုပေါင်းညီညာ အကောင်အထည်ဖော်ကြရပါမည့် အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၁-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ website www.dop.gov.mm တွင် ရယူနိုင်ပါသည်။

တိုင်းရင်းသားရေးရာ အမှတ်(၁၆)
Ethnic Affairs (နိုဝင်ဘာ၊ ၂၀၂၄)
ထွက်ပြီ



"သမိုင်းရေစီး ဂလိုဘယ်လိုက်ဇေးရှင်းနှင့် ရိုးရာယဉ်ကျေးမှု"
၂၀၂၄ ခုနှစ် နိုဝင်ဘာလထုတ် တိုင်းရင်းသားရေးရာစာစောင် အမှတ်(၁၆)တွင်
- အရေးကြီးပြီ သွေးစည်းကြစို့
- အာခါရိုးရာ စုပေါင်းဒန်းစီးပွဲတော် အတူဆင်နွှဲလို့ပျော်
- ပအိုဝ်းတိုင်းရင်းသားတို့၏ ရိုးရာကဗျာ စာပေအလင်္ကာများ
- မှန်သွေးမကင်းသည့် အနုသုခုမစာဆို ပညာရှင်များ(၃)
- အပြန်အလှန်အရေးထား လေးစားကြရမည်
- ပင်းယပြည်ထောင်စုစိတ်ဓာတ်
- မြို့ပြအမွေအနှစ်နှင့် တန်ဖိုး
- ရန်တွေငြိမ်းသတ်လို့ အတူလက်တွဲကြပါစို့
အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။
တစ်အုပ် (၅၅၀၀) ကျပ်
စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈

## ၂၉-၁၂-၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅၇ဂရမ်/ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅,၂၀၀,၀၀၀) ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၉

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ချင်းပြည်နယ်တို့တွင် အများအားဖြင့်သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မိုး/ဇလ

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - စိုးစိုးနိုင် | သတင်းထောက်မှူး | - ခင်ရတနာ |
| စာတည်းမှူး | - မြင့်စိုး | အကြီးတန်း | - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | |
| စာပြင် | - ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ပုဂံရှုခင်း ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

**နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့် ကြိုဆိုလျက်ရှိပြီး အခက်အခဲမှန်သမျှကို လက်နက်ကိုင်လမ်းစဉ်ဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အမြဲလက်ကမ်း ဖိတ်ခေါ်ကြိုဆိုလျက်ရှိတယ်၊ မိမိတို့နိုင်ငံအတွက် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်မှာ ဖြစ်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၁၁-၁-၂၀၂၄ ရက်နေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့သို့ ပေးပို့သည့်သဝဏ်လွှာမှ ကောက်နုတ်ချက်)

❑ **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှရရှိလာသည့် သဘောထားမှတ်ချက်များကိုလည်း နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများအတွက် အစဉ်အမြဲ ဖိတ်ခေါ်ကြိုဆိုပြီး တံခါးဖွင့်ထားပါသည်။ ရှေ့ဆက်၍လည်း ငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်**

* ရှေ့ဖုံးမှ

ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်မင်္ဂလာ နေ့ထူးနေ့မြတ် အချိန်အခါကို နှစ်စဉ်ပြာသိုလဆန်း (၁)ရက်နေ့တွင် ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲကြပြီး ထိုနေ့ကို နိုင်ငံတော်အစိုးရက မြန်မာတစ်နိုင်ငံလုံး တရားဝင်ရုံးပိတ်ရက်အဖြစ် လေးစားဂုဏ်ပြု သတ်မှတ်ပေးထားပါသည်။ နှစ်သစ်ကူးနေ့ကို ကောင်းမြတ်သောနေ့ဟု အဓိပ္ပာယ်ဖွင့်ကြပြီး နှစ်ဟောင်းကုန်၍ နှစ်သစ်ကူးပြောင်းသည့် ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူးအချိန်အခါသမယမှသည် နှစ်သစ်အတွက် စိတ်သစ်လူသစ်ဖြင့် လန်းဆန်းတက်ကြွနေကြမည်ဟု ယုံကြည်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများသည် တစ်ဦးနှင့်တစ်ဦး ဓလေ့ထုံးစံများ မတူကွဲပြားခြားနားကြသော်လည်း တိုင်းရင်းသားမျိုးနွယ်စုအားလုံး မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့မွေးမြူပြီး တစ်ဦးအပေါ်တစ်ဦး တန်ဖိုးထားလေးစား၍ အတူတကွ နေထိုင်လာခဲ့ကြပါသည်။ မွေးဖွားရာဇာတိ၊ နေထိုင်သည့်အရပ်ဒေသနှင့် ပြောဆိုသုံးနှုန်းသော ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှု၊ ကိုးကွယ်ယုံကြည်သည့်ဘာသာ၊ ဓလေ့ထုံးတမ်းအစဉ်အလာ စသည်ဖြင့် မည်သို့ပင် ကွဲပြားခြားနားစေကာမူ တစ်မြေတည်းနေ တစ်ရေတည်းသောက်ပြီး ပြည်ထောင်စုကြီးအတွင်း ညီရင်းအစ်ကို၊ မောင်ရင်းနှမတို့ကဲ့သို့ စုပေါင်းနေထိုင်လာခဲ့ကြပါသည်။

ကရင်တိုင်းရင်းသားများသည် မြန်မာနိုင်ငံဖွားတိုင်းရင်းသားများဖြစ်သည်နှင့်အညီ ကရင်ပြည်နယ်အပြင် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ထို့အပြင် မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း ဖြန့်ခွဲပျံ့နှံ့နေထိုင်လျက်ရှိကြပါသည်။ ကရင်တိုင်းရင်းသားတို့သည် သမိုင်းစဉ်တစ်လျှောက် တိုင်းရင်းသားအားလုံးနှင့် အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြပါသည်။ ထို့ပြင် မိမိတို့နိုင်ငံ သူ့ကျွန်ဘဝ ကျရောက်ခဲ့စဉ်ကာလ နိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ကရင်တိုင်းရင်းသားတို့သည် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်အပြည့်အဝဖြင့် တိုင်းရင်းသားအားလုံးနှင့်အတူ အသက်သွေးချွေးတို့ စတေးပြီး တိုက်ပွဲဝင်ခဲ့ကြသည်ကို သမိုင်းက သက်သေတည်လျက်ရှိသည်မှာ လေးစားဂုဏ်ယူဖွယ်ရာဖြစ်ပါသည်။

ကရင်တိုင်းရင်းသားတို့သည် ပင်ကိုသဘာဝအရ ရိုးသားအေးချမ်းပြီး မာန်မာနကင်းစင်ကြသည်။ သို့သော် ရဲရင့်ပြတ်သားပြီး ကတိသစ္စာလည်း ကြီးမားကြပါသည်။ နိုင်ငံအတွက် မျိုးချစ်စိတ်ဖြင့် အရေးကြီးက သွေးစည်းခဲ့ကြပါသည်။ ကရင်တိုင်းရင်းသားများသည် ဘိုးဘွားဘီဘင် အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြသည့် ဘာသာစကား၊ စာပေ၊ ယဉ်ကျေးမှုအနုပညာ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များကို လက်ဆင့်ကမ်း ဆက်လက်ထိန်းသိမ်းကြရန် တိုက်တွန်းလိုပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော ကရင်တိုင်းရင်းသားများနည်းတူ အနယ်နယ်အရပ်ရပ်ရှိ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအားလုံးသည် မိမိတို့၏ ကောင်းမြတ်သော အစဉ်အလာများကို အစဉ်အမြဲ ထိန်းသိမ်းစောင့်ရှောက်ပြီး အားလုံးအတူတကွ ဥမကွဲသိုက်မပျက် တွဲလက်များညီညာပါက ပြည်ထောင်စုကြီးသည်လည်း စည်းလုံးညီညွတ်မှုဖြင့် အစွန့်ရှည်တည်တံ့ခိုင်မြဲနေမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံအတွင်းရှိ ပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ ပြည်ထောင်စုတစ်ဝန်း အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ငြိမ်းချမ်းရေးသည် အခြေခံအုတ်မြစ်တစ်ခု ဖြစ်ပါသည်။ မိမိတို့နိုင်ငံသည် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားညီနောင်များအချင်းချင်း အထင်အမြင်လွဲမှားကာ ယနေ့အချိန်အထိ လက်နက်ကိုင်ပဋိပက္ခများဖြင့် မတည်မငြိမ်၊ မအေးမချမ်းဖြစ်နေခြင်းကို သတိထားသင့်ကြပါသည်။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် ယနေ့မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ တိုင်းရင်းသားများအချင်းချင်း အပြန်အလှန်လေးစားခြင်း၊ တစ်ဦးနှင့်တစ်ဦးအကြား ပူးပေါင်းဆောင်ရွက်မှုဖြစ်ပေါ်စေပြီး နားလည်မှုလွဲမှားခြင်းနှင့် ပဋိပက္ခများကို လျှော့ချကာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ဖြေရှင်းနိုင်ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှရရှိလာသည့် သဘောထားမှတ်ချက်များကိုလည်း နောင်လာမည့် လွှတ်တော်အစည်းအဝေးများတွင် ဆွေးနွေးအတည်ပြုနိုင်ရန် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ပါသည်။ တွေ့ဆုံဆွေးနွေးမှုများအတွက် အစဉ်အမြဲ ဖိတ်ခေါ်ကြိုဆိုပြီး တံခါးဖွင့်ထားပါသည်။ ရှေ့ဆက်၍လည်း ငြိမ်းချမ်းရေးအတွက် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့ကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ချမှတ်အကောင်အထည်ဖော်လျက်ရှိပါသည်။ တိုင်းပြည်သာယာဝပြောရေးဆိုသည်မှာ ပြည်သူပြည်သားအားလုံး တရားဥပဒေစိုးမိုးမှုအောက်တွင် အေးချမ်းသာယာစွာဖြင့် နေထိုင်နိုင်ခြင်း၊ ပညာသင်ကြားနိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ဆောင်ရွက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

စားရေရိက္ခာဖူလုံရေးအတွက် မူလစိုက်ပျိုးမွေးမြူရေးသာမက ခေတ်မီနည်းစနစ်များဖြင့် အစာအာဟာရထုတ်လုပ်ခြင်းများကိုလည်း တီထွင်ဆောင်ရွက်ကြရန် လိုအပ်ပါသည်။ မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းထုတ်လုပ်မှုများကို တတ်နိုင်သမျှထိန်းသိမ်းပြီး ပြည်ပသို့တင်ပို့ခြင်းမပြုလုပ်ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့် ထွက်ကုန်များကိုသာ ပိုမိုတင်ပို့ခဲ့ပါသည်။ စီးပွားရေးကောင်းမွန်မှသာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်လျက်ရှိပါသည်။

တိုင်းရင်းသားပြည်သူအားလုံးကလည်း စားရေရိက္ခာဖူလုံရေးအတွက် ပြည်တွင်းထုတ်လုပ်မှုမြှင့်တင်ဆောင်ရွက်ရေးကို အထူးအားပေးဆောင်ရွက်ကြရန်လိုပါသည်။ ပြည်ပရောင်းတန်းဝင်ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံခြားဝင်ငွေပိုမိုရရှိစေရေး အလေးထားဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့စီးပွားတိုးတက်မြင့်မားလာမည်ဆိုပါက ပြည်သူတို့၏လူမှုစီးပွားဘဝများလည်း တိုးတက်လာသကဲ့သို့ နိုင်ငံတော်၏စီးပွားရေးမူဝါဒ မျှော်မှန်းချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ညီမျှစွာဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားမိဘပြည်သူ ညီအစ်ကိုမောင်နှမများခင်ဗျာ**

ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာနေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ခြင်းဖြင့် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောရေး ဖော်ဆောင်ကြကာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပိုမို ရရှိနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၅၉ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

**ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဦးညွန့်လင်းအား ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

## ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
အမိန့်အမှတ် ၆၀ / ၂၀၂၄
၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
(၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)

**ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်နွဲ့နွဲ့ဦး အား ကရင်ပြည်နယ်တရားလွှတ်တော် တရားသူကြီး အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် မအူပင်ခရိုင်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ပုသိမ် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် မအူပင်ခရိုင် ပန်းတနော်မြို့နယ် မရမ်းကျေးရွာအုပ်စု မရမ်းကျေးရွာရှိ တောင်သူ ဦးအောင်ကျော်မိုး၏ ဆင်းရွှေကြာ ၂ ဆောင်းနေကြာစံပြစိုက်ခင်း ၁၀ ဧကတွင် ဆောင်းနေကြာသီးနှံ ရွက်ဖျန်းမြေဩဇာ ပက်ဖျန်းခြင်းကို ကြည့်ရှုအားပေးပြီး ကရင်ဒုံးယိမ်းအကအဖွဲ့များအား ချီးမြှင့်ငွေများပေးအပ်၍ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဒေသခံတောင်သူများအား ဆေးဖျန်းပုံးများနှင့် ရွက်ဖျန်းမြေဩဇာများ ပေးအပ်သည်။

**ချီးမြှင့်ငွေများပေးအပ်**

ထို့နောက် ပန်းတနော်မြို့နယ် ဒေါဝါးကျေးရွာအုပ်စု ဒေါဝါးကျေးရွာရှိ တောင်သူ ဦးကျော်ခိုင်ဝင်း၏ နှမ်းစပါးစိုက်ဧက ငါးဧကတွင် ဆိုလာရေတင်စနစ်ဖြင့် နှမ်းစပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူများအား ယူရီးယားမြေဩဇာများ ပေးအပ်ကာ ကရင်ဒုံးအကအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ဓနုဖြူမြို့နယ် ယင်းကဒစ်ကျေးရွာရှိ ရေနက်ကွင်းတွင် ရေတစ်ဘောင်၊ ကုန်းတစ်ဘောင် စိုက်ပျိုးနည်းစနစ်ဖြင့် အလှိုင်းကုမ္ပဏီမှ စိုက်ပျိုးထားရှိသော အုန်းချိုမွှေး စိုက်ပျိုးရေးခြံ ဧက ၁၈၀ သို့သွားရောက်၍ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးပြီး အုန်းချိုမွှေးလုပ်ငန်းအပြင် အုန်းသီးတန်ဖိုး ကွင်းဆက်မြင့်မားရေး၊ အုန်းအခြေခံတန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်ဆောင်ရွက်ရန် မှာကြားသည်။



**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ မအူပင်မြို့နယ် မီးသွေးချောင်းကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာရှိ တေဇဝန္တာရာမ ပဌာန်မြားကျောင်းတိုက်သို့ ရောက်ရှိကာ ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိတအား ဖူးမြော်၍ သင်္ကန်းခြင်း၊ ဆန်နှင့်ဆီတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မအူပင်မြို့နယ် လေးအိမ်စုကျေးရွာအုပ်စုသို့ ရောက်ရှိပြီး ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ တည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေး၍ လေးအိမ်စုကျေးရွာ ဓမ္မစကူးလ်ကျောင်း သီလရှင်ဆရာကြီး ဒေါ်ဟေမာစာရီအား ဆန်နှင့်ဆီများ လှူဒါန်းကာ ဓမ္မစကူးလ်ကျောင်းသား ကျောင်းသူများကို ချီးမြှင့်ငွေများ ပေးအပ်သည်။

**ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မအူပင်ခရိုင်အတွင်းရှိ မြို့နယ်များမှ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စု ချောင်းဝကျေးရွာတွင် ကျင်းပပြုလုပ်သည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်သို့ တက်ရောက်ပြီး ကရင်တိုင်းရင်းသားများနှင့် တွေ့ဆုံ၍ "ကရင်လူမျိုးတို့၏ စာပေ၊ ယဉ်ကျေးမှုနှင့် စစ်မှန်သည့် ရိုးရာအမွေအနှစ်များကို မပျောက်မပျက် ထိန်းသိမ်းကြကာ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်သွားကြရန်လိုကြောင်း" နှစ်သစ်အကြို နှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်ရိုးရာ ဒုံးအကဖြင့် ဧည့်ခံဖျော်ဖြေမှုကို ကြည့်ရှုအားပေး၍ ချီးမြှင့်ငွေများ ပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်သည် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် အ.ထ.က ညောင်အိုင်ကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝန်းကျင်သန့်ရှင်းသာယာလှပမှုနှင့် စာသင်ခန်းအခြေအနေများကို လှည့်လည်ကြည့်ရှု၍ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများ၊ ကျောင်းကော်မတီဝင်များနှင့် တွေ့ဆုံကာ ပညာရေးကဏ္ဍဘက်စုံတိုးတက်ဖွံ့ဖြိုးစေရေး တွေ့ဆုံဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း မှာကြားသည်။

ထို့နောက် ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၇၅ ဒသမ ၈၆ ရာခိုင်နှုန်း၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရာနှုန်းပြည့်နှင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ၇၅ ရာခိုင်နှုန်း ရရှိအောင် စွမ်းဆောင်နိုင်သော အ.ထ.က ညောင်အိုင်ကျောင်းအား ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

# PIU College ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ပညာရေးဝန်ကြီးဌာန အသိအမှတ်ပြု PARAMI International PIU College ၏ ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချက်ထရီယမ်ဟိုတယ်၌ ကျင်းပရာ PIU College ၏ ဌာနမှူး ဒေါက်တာကျော်သူရက အမှာစကားပြောကြားသည်။

ထို့နောက် ပညာရေးသဟာရအဖွဲ့ဝင် ဒေါက်တာဝင်းကျော်ကျော်မိုးနှင့် ပြင်သစ်နိုင်ငံ International Executive School (IES)မှ တာဝန်ရှိသူ Co – Founder Dr. Zina တို့အဖွဲ့နှင့် IES ကိုယ်စား Ph.D Candidate Captain Aung Myint Moe တို့က ဘွဲ့ရမောင်မယ်တို့ကို ဂုဏ်ပြုအမှာစကားပြောကြားသည်။

ယင်းနောက် ဘွဲ့ရမောင်မယ်များ၏ အမည်စာရင်းကိုတင်သွင်းပြီး ဘွဲ့လက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

PARAMI International PIU College ပထမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် MBA နှင့် BBA ဘွဲ့များကို ကျောင်းသူကျောင်းသား ၃၀ တက်ရောက်ရယူကြပြီး ပြင်သစ်နိုင်ငံမှပေးအပ်သည့် ဘွဲ့ဖြစ်သည်။ စီးပွားရေးကို စိတ်ဝင်စားကာ လုပ်ငန်းရှင်ဖြစ်လိုသည့် ကျောင်းသား ကျောင်းသူများ လျှောက်ထားနိုင်သော ပညာရေးဘွဲ့တစ်ခု ဖြစ်သည် ။

PIU College ၌ BBA တွင် ကျောင်းသူ ကျောင်းသား ၁၅၀၊ MBA တွင် ၃၅၀ တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**



## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ (၃၆)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ (၃၆) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရေဆင်းရှိ အဆိုပါတက္ကသိုလ်၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများနှင့် ဆရာ ဆရာမများ၊ ဘွဲ့ခံကျောင်းသား ကျောင်းသူများနှင့် မိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားပထမပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက ယနေ့အခမ်းအနားသည် မောင်တို့မယ်တို့ လျှောက်လှမ်းကြရမည့် ဘဝခရီးအတွက် ခြေလှမ်းအစဖြစ်ပြီး အနာဂတ်ခြေလှမ်းများကိုရှေ့ဆက်ရန် အခွင့်အလမ်းလည်းဖြစ်ကြောင်း၊ တိုးပွားလာမည့် လူသားသန်းပေါင်းများစွာအတွက် ကျန်းမာသန့်ရှင်းသော အစားအစာအလုံအလောက်ထွက်ရှိရန်၊ ရှိပြီးသော အရင်းအမြစ်များ မပျက်စီးဘဲ စိုက်ပျိုးမွေးမြူနိုင်ရန်၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုလျှော့ချရန်၊ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ပမာဏအနည်းဆုံးနှင့် စိုက်ပျိုးမွေးမြူနိုင်ရန် ယနေ့ကမ္ဘာတွင် စက်မှုလယ်ယာခေတ်ကို ကျော်လွန်ပြီး Second Agricultural Evolution ကို စတင်ခြေလှမ်းနေပြီဖြစ်ကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများ တိုးတက်စေရန်အတွက် အလိုအလျောက်စနစ် (Automation)၊ ဉာဏ်ရည်တုနည်းပညာ (Artificial Intelligence)၊ မျိုးရိုးဗီဇတည်ဆောက်ပြုပြင်သောစနစ် (Genetic Engineering)၊ ဆက်သွယ်ရေးနည်းပညာ (Internet of Things) အစရှိသည့် နည်းပညာများကို မိမိတို့မျိုးဆက်သစ်ပညာရှင်များအနေဖြင့်လည်း နိုင်ငံတကာနည်းတူ အသုံးပြုပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ပိုမိုတိုးတက်ဖွံ့ဖြိုးအောင်၊ ကမ္ဘာနှင့် ရင်ပေါင်တန်းပြီး ကမ္ဘာ့စားနပ်ရိက္ခာလိုအပ်ချက် ဖြည့်ဆည်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ အမိတက္ကသိုလ်ကြီး၏ ဂုဏ်သိက္ခာကို ဝင့်ထည်အောင် ကျင့်ကြံဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး ပြည်ထောင်စုဝန်ကြီးက တန်းစဉ်ပေါင်း ရမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

အခမ်းအနား ဒုတိယပိုင်းတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ပါမောက္ခချုပ်က ဘွဲ့ရမောင်မယ်များကို သက်ဆိုင်ရာဘွဲ့လက်မှတ်များ ပေးအပ်သည်။




နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုအတွက် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်က နှစ်စဉ် မွေးမြူရေးနှင့် တိရစ္ဆာန်ဆေးကုပညာရှင်များ မွေးထုတ်ပေးလျက်ရှိရာ စတင်တည်ထောင်ခဲ့သည့် (၁၉၅၇)ခုနှစ်မှ ယနေ့အထိ (၆၇) နှစ်အတွင်းမှာ တိရစ္ဆာန်ဆေးသိပ္ပံ BVS/BVSc ဘွဲ့ရ ၅၆၇၂ ဦး၊ မွေးမြူရေးပညာ BASc ဘွဲ့ရ ၂၅၃ ဦး၊ တိရစ္ဆာန်ဆေးပညာ DVM ဘွဲ့ရ ၁၈၃ ဦး၊ မွေးမြူထုတ်လုပ်ရေးလုပ်ငန်းဒီပလိုမာ Dip L.I.S ၂၂၀၊ မွေးမြူထုတ်လုပ်ရေးဒီပလိုမာ Dip.L.P.A. ၄၄၉ ဦး၊ တိရစ္ဆာန်ဆေးပညာမဟာဒသန MPhil ၂၁ ဦး၊ မွေးမြူရေးမဟာပညာ MASc တစ်ဦး၊ တိရစ္ဆာန်ဆေးပညာမဟာ MVM ကိုးဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံ MVSc ၃၄၁ ဦး၊ ပါရဂူ PhD ၂၅ ဦးတို့ကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် ဘွဲ့နှင်းသဘင် အခမ်းအနားတွင် BASc ဘွဲ့ရ ၅၄ ဦး၊ DVM ၇၅ ဦး၊ MASc တစ်ဦး၊ MVSc ခြောက်ဦး စုစုပေါင်း ၁၃၆ ဦးကို သက်ဆိုင်ရာဘွဲ့များ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

မိတ်ဆွေသူငယ်ချင်း အစုအဖွဲ့အလိုက် ပါဝင်ဆင်နွှဲရန် မော်တော်ယာဉ်များ၊ ဆိုင်ကယ်များဖြင့် တဖွဲဖွဲ လာရောက်ကြသည်ကို တွေ့မြင်ရသည်။

ထိုသို့ တေးဂီတဖျော်ဖြေပွဲသို့ လာရောက်ပါဝင်ဆင်နွှဲကြသူများကိုလုံခြုံစိတ်ချစွာ ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲနိုင်စေရန် အတွက် ကွင်းအတွင်းသို့ ဝင်ရောက်စဉ် တာဝန်ရှိသူများက ဝင်ပေါက်ဂိတ်များတွင် လုံခြုံရေးအရ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ပြီး ဖျော်ဖြေပွဲ ဝန်းကျင်နေရာများ၌လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များ သေချာကြည့်ရှုစောင့်ကြပ်လျက်ရှိသည်ကိုလည်း တွေ့ရသည်။

တေးဂီတ ဖျော်ဖြေပွဲသို့ ဝင်ရောက်ရသည့် ဂိတ် (၁) နှင့် (၄) အဝင်ဝမှ ဖျော်ဖြေပွဲကျင်းပမည့် စတိတ်စင်အထိ လျှောက်လမ်းများတွင် ရောင်စုံအလှမီးများ လှပဝေဆာစွာ ဆင်ယင်ထွန်းညှိထားသည့်အပြင် ပွဲတော်ရက်အတွင်း လာရောက်အပန်းဖြေလည်ပတ်ကြမည့် ကလေး/လူကြီးများ စိတ်အပန်းဖြေပျော်ရွှင်စေရန်အတွက် ပွဲတော်အတွင်းရှိနေရာများ၌ နီယွန်အလှမီးများဖြင့် ထွန်းညှိအလှဆင်ထားပြီး အလှဓာတ်ပုံရိုက်ရန် Photo Booth များ၊ အပျော်တမ်းဂိမ်းကစားနည်းများ၊ ချားရဟတ်နှင့် ကလေးကစားကွင်းများကို ထည့်သွင်းထားရာ လူများစိတ်ပါဝင်စားသည့် အစီအစဉ်တစ်ခုလည်း ဖြစ်သည်။

တေးဂီတဖျော်ဖြေပွဲတွင် နိုင်ငံကျော်တေးသံရှင်များ၊ Dancer များက DJ ပညာရှင်များ၊ Music Band များဖြင့်တွဲဖက်၍ ပရိသတ်အကြိုက် တေးသီချင်းများဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံမှ Copy Show အဖွဲ့က "The Gang Of Popular Copy Show" ဖြင့်လည်းကောင်း ကပြသီဆိုဖျော်ဖြေတင်ဆက်ကြရာ ပရိသတ်များအားပါးတရ လိုက်ပါသီဆို၍ ပါဝင်ဆင်နွှဲကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



ထို့ပြင် လာရောက်လည်ပတ်ကြသူများ စားရေးသောက်ရေးအဆင်ပြေစွာ ဝယ်ယူစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်များနှင့် အမှတ်တရလက်ဆောင်ပစ္စည်းဆိုင်များအပါအဝင် ဆိုင်ခန်းပေါင်း ၅၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိရာ ဝယ်ယူစားသောက်ကြသူများဖြင့် စည်ကားလျက်ရှိပြီး ပျော်ရွှင်မှုများနှင့်အတူ သန့်ရှင်းစွာ စည်းကမ်းရှိသည့် ပွဲတော်ဖြစ်စေရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်ရန် အမှိုက်ပုံးများအပြင် Mobile Toilet များ ထားရှိသည်ကိုလည်း တွေ့ရသည်။

၂၀၂၅ ခုနှစ် နှစ်သစ်ကူးအကြို တေးဂီတဖျော်ဖြေပွဲကို လာရောက်အပန်းဖြေ လည်ပတ်ဆင်နွှဲကြမည့်သူများအတွက် ဒီဇင်ဘာ ၃၀ ရက်တွင် မွန်းလွဲ ၃ နာရီမှစတင်၍ ည ၁၀ နာရီအထိ ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်သွားမည်ဖြစ်ပြီး မြန်မာ့ရိုးရာဇာတ်သဘင်အဖွဲ့၏ "သဘင်အကနှင့် လှမည့်ည" ဖျော်ဖြေမှုအပါအဝင် ဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၅ နာရီမှ စတင်၍ ည ၁၀ နာရီအထိ ဖျော်ဖြေ တင်ဆက်သွားကြမည်ဖြစ်ကာ ဒီဇင်ဘာ ၃၁ ရက်တွင် Countdown ရေတွက်မည့်အစီအစဉ်အပါအဝင် ဖျော်ဖြေရေးအစီအစဉ်များကို ညနေ ၅ နာရီမှ စတင်၍ ည ၁ နာရီအထိ သီဆိုကပြဖျော်ဖြေတင်ဆက်သွားကြမည်ဖြစ်သည်။ ဝင်ကြေးကို အခမဲ့သတ်မှတ်ထားပြီး ပွဲတော်သို့ လာရောက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် ခရီးစဉ်သုံးခုသတ်မှတ်၍ မော်တော်ယာဉ်ကိုးစီးဖြင့် အခမဲ့အသွားအပြန် ပို့ဆောင်ပေးသွားမည် ဖြစ်သဖြင့် မည်သူမဆို လာရောက်လည်ပတ် ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်း - လုလင်ပျို**

**ဓာတ်ပုံ - အေးပြည့်စုံ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကေ့ာထူးနှင့်အတူ ယမန်နေ့နံနက်ပိုင်း



တွင် ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားလူမျိုး များရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးရုံးများသို့ သွားရောက်ပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ စီမံကိန်းပါ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေ အနေများနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်ထားရှိ မှုများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြား ရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်း များနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်း များသည် တိုင်းရင်းသားလူမျိုးများရေးရာ လုပ်ငန်း ဆောင်တာများကို ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားရှိသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျမှန်ကန်စွာဆောင်ရွက်ရန် လိုအပ်ပါ ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သည်နှင့်အညီ ဝန်ထမ်း များပီပီ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆)ချက်၊ ကျင့်ဝတ်အပါး (၃၀)တို့ကိုလည်း လိုက်နာစောင့်ထိန်း တတ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း ပြောကြား သည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးက အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက အားပေးစကား ပြောကြား၍ ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက် များကို အထွေထွေဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ သည် ညွှန်ကြားရေးမှူးရုံးတွင် သောက်သုံးရေ လုံလောက်စွာ ရရှိနိုင်ရေးအတွက် ရေသိုလှောင်ခြင်း၊ ရေတင်ခြင်းလုပ်ငန်းနှင့် ရေဖြန့်ဝေပေးရေးလုပ်ငန်း များကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၌ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး ကျောင်းကုန်းနှင့် ကန်ကြီးထောင့်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့မွန်းလွဲပိုင်း တွင် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကံကလေး ကျေးရွာအုပ်စု ကံကလေးကျေးရွာ သို့ သွားရောက်ပြီး ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၏ ၂၀၂၄-၂၅ ဘဏ္ဍာနှစ် ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း (VDP) ရန်ပုံငွေ ဖြင့် ကျေးရွာတွင်းလမ်း ပေ ၁၁၈၀ ကွန်ကရစ်ပေါင်စီ၊ မြေရောကျောက် ခင်းခြင်းလုပ်ငန်းကို ကြည့်ရှု စစ်ဆေးသည်။**(အပေါ်ယာပုံ)**

ယင်းနောက် ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ကျောင်းကုန်းမြို့နယ်တွင် သမ ဝါယမစနစ်ဖြင့် နေကြာ ၆၁၉ ဧက စိုက်ပျိုးထားပြီဖြစ်ရာ ပန်းတိုင် အထွက်နှုန်းရရှိအောင် စိုက်ပျိုး ကြရန်၊ ရိုးသားကြိုးစား ဧရာဝတီ သားဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ် အေးချမ်းရေးတို့အတွက် ဝိုင်းဝန်း ထိန်းသိမ်း ကြိုးပမ်းဆောင်ရွက် ကြရန် တိုက်တွန်းမှာကြားပြီး ကျေးရွာရှိ မူလတန်းလွန် ကျောင်း ကျောင်းဆောင်သစ်ရရှိ ရေး၊ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရေး၊ ကျေးရွာ မီးလင်းရေး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီး သည် ကန်ကြီးထောင့်မြို့နယ် သဘော့ချောင်းကျေးရွာသို့ သွား ရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၏ ၂၀၂၃-၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ၅၅၀ ဝပ် ဆိုလာ ၁၄ ချပ်ကို ၈ လက်မ Incline Pump တွဲ၍ စိုက်ပျိုးရေရရှိရေး ဆောင်ရွက် ပေးနေမှုကို ကြည့်ရှုစစ်ဆေး သည်။

ယင်းသို့ ဆောင်ရွက်ပေးခြင်း ကြောင့် သဘော့ချောင်းကျေးရွာမှ တောင်သူဦးသက်ပိုင်စိုး၏ ရေကျ နောက်စိုက် လယ် ၁၀ ဧကတွင် ဆင်းသုခစပါးမျိုး စိုက်ပျိုးထားမှု ကိုလည်းကောင်း၊ အခြားတောင်သူ များ၏ စိုက်ဧက ၂၀ ကို လည်း ကောင်း အကျိုးပြုလျက်ရှိပြီး ယင်းစိုက်ပျိုးရေဖြင့် နွေစပါး စိုက်



ပျိုးရေးကိုလည်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယမန်နှစ်နွေစပါးတစ်ဧကအထွက် နှုန်း တင်း ၁၂၀ ထွက်ရှိကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီး သည် ပုသိမ်မြို့ သမဝါယမစာရင်း ရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက် ပြီး သုံးထပ် ကျောင်းသား အိပ်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည် များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉-၂၅၅၀၀၂၅၁၁

( ဇ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၂

( ဈ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၄

( ဋ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၅

( ဌ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေး ဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(၈) ခရိုင်ဦးစီးမှူး သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(၉) တာဝန်ခံအရာရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း — အဖွဲ့ဝင်

(၁၀) ဒေသရဲကွပ်ကဲမှုအဖွဲ့မှူး သို့မဟုတ် ခရိုင်ရဲတပ်ဖွဲ့မှူး — အတွင်းရေးမှူး

(ခ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီကို လိုအပ်ပါက ပုဒ်မခွဲ(က)ပါ သတ်မှတ်ချက်များနှင့်အညီ နေရာဒေသအလိုက် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၁၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး ကြီးကြပ်ကွပ်ကဲသူအရာရှိ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ခ) မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းကိုဖြစ်စေ၊ သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းကိုဖြစ်စေ ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း သို့မဟုတ် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်းတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) သက်သေခံပစ္စည်းဖြစ်သော တိရစ္ဆာန်များကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် အပ်နှံခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဃ) သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို ပျက်စီးဆုံးရှုံးမှုမရှိစေရန် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများအား တရားစွဲဆိုတင်ပို့ခြင်း မပြုမီ တရားရုံးအမိန့်ဖြင့် ထုခွဲရောင်းချစေပြီး ရရှိသောငွေကြေးကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ငွေစာရင်းတွင် ထိန်းသိမ်းထားပြီး စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါ တရားရုံး၏ အမိန့်နှင့်အညီဆောင်ရွက်ခြင်း၊

(င) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ပါက အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်သည့်အခါ အဆိုပါသက်သေခံပစ္စည်းများကို စီမံခန့်ခွဲနိုင်ရေးအတွက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ ဆောလျင်စွာတင်ပြခြင်း၊

(စ) ထိန်းသိမ်းထားရှိသော သက်သေခံပစ္စည်းများကို ပျက်စီးမှုနှင့် ပျောက်ဆုံးမှုမရှိစေရေး လစဉ်စစ်ဆေးကြပ်မတ်ခြင်း၊

(ဆ) သက်သေခံပစ္စည်းများ ရွှေ့ပြောင်းခြင်း၊ ထိန်းသိမ်းခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ကျမည့်အသုံးစရိတ်များနှင့် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံး၏ အသုံးစရိတ်များကို တွက်ချက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြတောင်းခံခြင်း၊

(ဇ) သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးဆောင်ရွက်ချက် အစီရင်ခံစာကို သက်သေခံပစ္စည်းစာရင်းများနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေး ကော်မတီမှတစ်ဆင့် ဗဟိုကော်မတီသို့ တင်ပြခြင်း၊

(ဈ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးအား ကြီးကြပ်ကွပ်ကဲခြင်း၊

(ည) သက်သေခံပစ္စည်းအဖြစ် ထိန်းသိမ်းထားသော ယာဉ်အမျိုးမျိုး၊ စက်ယန္တရားများနှင့် အခြားသက်သေခံပစ္စည်းများအား မပျက်စီးစေရန် စီမံခြင်း၊

(ဋ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက အခါအားလျော်စွာ ပေးအပ်သော သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

**အခန်း(၅)**

**သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံး တည်ထောင်ခြင်းနှင့် ရုံးဝန်ထမ်းခန့်အပ်တာဝန်ပေးအပ်ခြင်း**

၁၁။ ပြည်ထဲရေးဝန်ကြီးဌာနသည်–

(က) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများနှင့်ညှိနှိုင်းပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်များတွင် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးကို တည်ထောင်ပေးရမည်။

(ခ) သက်သေခံပစ္စည်းစီမံထိန်းသိမ်းရေးရုံးအတွက် လိုအပ်သော ဝန်ထမ်းများကို ခန့်အပ်တာဝန်ပေးအပ်ရမည်။

(ဂ) သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးကို ကြီးကြပ်ကွပ်ကဲရန် ရဲမှူးအဆင့်အောက်မနိမ့်သော ရဲအရာရှိတစ်ဦးကို ကြီးကြပ်ကွပ်ကဲသူအရာရှိအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရမည်။

**အခန်း(၆)**

**တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ တာဝန်**

၁၂။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရမည်။

၁၃။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းထားသော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာသက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးရုံးသို့ အပ်နှံရာတွင် အောက်ပါအတိုင်း ဆောင်ရွက်ရမည်–

(က) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ အခြားဓာတုပစ္စည်းများ၊ လက်နက်ခဲယမ်းမီးကျောက်များ သို့မဟုတ် ပေါက်ကွဲစေတတ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းဖြစ်ပြီး ခန့်မှန်းကာလတန်ဖိုးကျပ် ၁၀ သန်းနှင့်အထက်ဖြစ်ပြီး တန်ဖိုးလျော့ကျပျက်စီးလွယ်သည့်ပစ္စည်းဖြစ်ပါက နီးစပ်ရာသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့ ၄၈ နာရီအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း၊

(ဂ) သယ်ယူရွှေ့ပြောင်းရန်ခက်ခဲသော ပစ္စည်းများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်သည့်အချိန်ကာလအတွင်း သယ်ယူပို့ဆောင်အပ်နှံခြင်း။

၁၄။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးသို့အပ်နှံရာတွင် အောက်ပါတို့ကို ပူးတွဲပေးအပ်ရမည်–

(က) သက်သေခံပစ္စည်းတစ်ခုချင်းစီ၏ အရှေ့၊ အနောက်၊ ဘေး ဝဲ၊ ယာနှင့် လိုအပ်ပါက အပေါ်နှင့်အောက်တို့အား ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ခ) ယာဉ်အမျိုးမျိုး သို့မဟုတ် စက်ယန္တရားများဖြစ်ပါက ကနဦး ယာဉ်စစ်ဆေးချက်ပုံစံနှင့်အတူ ယာဉ် သို့မဟုတ် စက်ယန္တရားများ၏ အတွင်းနှင့် အပြင် အခြေအနေများအား ပေါ်လွင်အောင် ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဂ) အဆောက်အဦဖြစ်ပါက ယင်းအဆောက်အဦအတွင်းနှင့်အပြင် အခြေအနေများအား ပေါ်လွင်အောင်ရိုက်ကူးထားသည့် မှတ်တမ်းဓာတ်ပုံများ၊

(ဃ) ရှာဖွေပုံစံ သို့မဟုတ် ပစ္စည်းသိမ်းပုံစံမိတ္တူ၊ ကျွမ်းကျင်သူ၏ စစ်ဆေးတွေ့ရှိချက် မှတ်တမ်းများ။

၁၅။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများသည် တရားရုံးသို့ တရားစွဲဆိုတင်ပို့ရာတွင်–

(က) ထိန်းသိမ်းရန်လွယ်ကူသည့် သက်သေခံပစ္စည်း သို့မဟုတ် ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်သက်သေခံပစ္စည်းများကို သက်ဆိုင်ရာတရားရုံးသို့ တစ်ပါတည်း တင်ပြရမည်။

(ခ) တရားရုံးသို့ တင်ပို့ရန်မလွယ်ကူသော သက်သေခံပစ္စည်းများဖြစ်ပါက အဆိုပါသက်သေခံပစ္စည်းများကို သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း သို့မဟုတ် မည်ကဲ့သို့ စီမံခန့်ခွဲထားကြောင်း အထောက်အထားဖြင့် တရားရုံးသို့ တင်ပြရမည်။

**အခန်း(၇)**

**သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်း**

၁၆။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက တရားစွဲဆိုတင်ပို့ခြင်းမပြုမီ လာရောက်အပ်နှံသော သက်သေခံပစ္စည်းများကို အောက်ပါအတိုင်း စီမံခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းပြုနိုင်သည်–

(က) ထိန်းသိမ်းရန်လွယ်ကူပြီး တန်ဖိုးနည်းသက်သေခံပစ္စည်းများကို သက်ဆိုင်ရာရဲစခန်းတွင် ထိန်းသိမ်းစေခြင်း၊

(ခ) ဘဏ်လုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ၊ အဖိုးတန်စာတမ်း အမှတ်အသားများ၊ ရွှေ၊ ငွေ၊ ရတနာနှင့် အဖိုးတန်ပစ္စည်းများကို သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်၌ သတ်မှတ်ချက်များနှင့်အညီ အပ်နှံထိန်းသိမ်းစေခြင်း၊

(ဂ) အစိုးရနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းများသို့ စာရင်းဇယားနှင့်အတူ လွှဲပြောင်းပေးအပ်ထိန်းသိမ်းစေခြင်း၊

(ဃ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် မရွှေ့မပြောင်းနိုင်သော သက်သေခံပစ္စည်းများ သို့မဟုတ် သယ်ယူရွှေ့ပြောင်းရန် ခက်ခဲသည့် သက်သေခံပစ္စည်းများကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း၊

(င) ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများကို သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းခြင်း၊

(စ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ခွင့်ပြုချက်ဖြင့် သိမ်းဆည်းရမိသည့် တိရစ္ဆာန်များကို ထိန်းသိမ်းရန် ပစ္စည်းထိန်းအား တာဝန်ပေးအပ်ခြင်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် အပ်နှံခြင်း။

**အခန်း(၈)**

**သက်သေခံပစ္စည်းများ စီမံခန့်ခွဲခြင်း**

၁၇။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက သိမ်းဆည်းထားသည့် သဘာဝအလျောက်တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

*စာမျက်နှာ ၈ သို့*

*စာမျက်နှာ ၇ မှ*

၁၈။ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းသည် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများကို တရားစွဲဆိုတင်ပို့ခြင်းမပြုမီ ထုခွဲရောင်းချခွင့်ပြုရန် သက်ဆိုင်ရာတရားရုံးသို့ လျှောက်ထားပြီး တရားရုံး၏ အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၁၉။ တရားရုံးသည်-

(က) အမှုဖြင့်တင်ပြထားသော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှု မပြီးဆုံးမီဖြစ်စေ၊ ပြီးဆုံးသည့်အခါတွင်ဖြစ်စေ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သက်သေခံပစ္စည်း စီမံခန့်ခွဲသည့်အမိန့်ကို သက်ဆိုင်ရာ ဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

( ခ ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုသည့် အမှုမှ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ အခန်း ၄၃၊ ပစ္စည်းများကို စီမံခန့်ခွဲခြင်း အခန်းပါပြဋ္ဌာန်းချက်များနှင့်အညီ ကျင့်သုံးဆောင်ရွက်ရမည်။

( ဂ ) ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈ ပုဒ်မခွဲ(၇)အရ အစိုးရကစီမံခန့်ခွဲသည့် သို့မဟုတ် စီမံခန့်ခွဲပြီးဖြစ်သည့် ပစ္စည်းဖြစ်ပါက ယင်းပစ္စည်း၏ ပိုင်ရှင်အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၉ အရ ပြန်လည်ပေးအပ်ခြင်းမပြုလျှင် သို့မဟုတ် ဝရမ်းစွဲကပ်သည့်နေ့မှ နှစ်နှစ်အတွင်း ယင်းပစ္စည်း၏ ပိုင်ရှင်သည် တရားရုံးရှေ့သို့ လာရောက်ခြင်းမရှိလျှင် သို့မဟုတ် ယင်းပစ္စည်း၏ ပိုင်ရှင်အား ဖမ်းဆီးရမိခြင်းမရှိလျှင် အဆိုပါပစ္စည်းကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းယူသည့်အမိန့် ချမှတ်ရမည်။

၂၀။ ဒေသဆိုင်ရာကော်မတီသည် သဘာဝအလျောက် တန်ဖိုးလျော့ကျပျက်စီးလွယ်သည့် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ စစ်ဆေးစီရင်မှုပြီးဆုံးသည့်အခါ တရားရုံး၏အမိန့်နှင့်အညီ ဆောင်ရွက်ရမည်။

၂၁။ (က) တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ပါက ယင်းအမိန့်ကို သက်ဆိုင်ရာဒေသဆိုင်ရာကော်မတီသို့ အကြောင်းကြားရမည်။

(ခ) ဒေသဆိုင်ရာကော်မတီသည် ပုဒ်မခွဲ(က)အရ အကြောင်းကြားသည့်အမိန့်ကို ဗဟိုကော်မတီသို့ ဆောလျင်စွာ တင်ပြရမည်။

၂၂။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားသော မြေနှင့်မရွှေ့မပြောင်းနိုင်သောပစ္စည်းများမှအပ အခြားသက်သေခံပစ္စည်းကို နိုင်ငံ့ဘဏ္ဍာသိမ်းရန် အမိန့်ချမှတ်ပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် အယူခံ သို့မဟုတ် ပြင်ဆင်မှု တင်သွင်းရမည့်ရက်ကျော်လွန်လျှင် သတ်မှတ်ချက်များနှင့်အညီ လေလံတင်ခြင်း၊ ရောင်းချခြင်း သို့မဟုတ် သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသို့ လွှဲပြောင်းပေးခြင်းကို ဗဟိုကော်မတီ၏ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၃။ ဗဟိုကော်မတီသည် တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်သည့် သက်သေခံပစ္စည်းများအနက် မြေနှင့်အဆောက်အဦကဲ့သို့သော မရွှေ့မပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရန် ပြည်ထောင်စုအစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၄။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားရှိသည့် ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများ ရောင်းချခြင်းမှ ရရှိသောငွေများကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာ ရန်ပုံငွေသို့ ပေးသွင်းရမည်။

( ခ ) ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည်။

၂၅။ တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက သိမ်းဆည်းထားသော သက်သေခံပစ္စည်း လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်ပါက ယင်းပစ္စည်းကို ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ကုန်ကျသည့် စရိတ်ငွေများကို သက်သေခံပစ္စည်း လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးသွင်းစေပြီး ယင်းသက်သေခံ ပစ္စည်းကို ပြန်လည်ပေးအပ်ရမည်။

၂၆။ သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးတွင် ထိန်းသိမ်းထားသော သက်သေခံပစ္စည်းကို ဖျက်ဆီးရန် တရားရုံးမှ အမိန့်ချမှတ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြပြီး လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

**အခန်း(၉)**

**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခြင်း၊ အရေးယူခြင်းနှင့် အယူခံခြင်း**

၂၇။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ထိန်းသိမ်းထားသော သို့မဟုတ် ဝရမ်းကပ်ထားသော သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း ရှိကြောင်း စစ်ဆေးတွေ့ရှိလျှင် သို့မဟုတ် သတင်းရရှိလျှင် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်း အကြောင်းအရင်းကို စုံစမ်းစစ်ဆေးနိုင်ရန် သတ်မှတ်ချက်နှင့်အညီ စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် မိမိ၏ ကော်မတီအဖွဲ့ဝင်တစ်ဦးဦးအား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေပြီး သင့်လျော်သည့်ဌာနများမှ ကိုယ်စားလှယ် ၂ ဦး အပါအဝင် အနည်းဆုံး အဖွဲ့ဝင် ၃ ဦး ပါဝင်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၂၉။ ပုဒ်မ ၂၈ အရ ဖွဲ့စည်းတာဝန်ပေးအပ်ထားသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) သက်ဆိုင်သည့်ပုဂ္ဂိုလ်များကို စုံစမ်းစစ်ဆေးပြီး လိုအပ်သည့် သက်သေခံချက်များ ရယူနိုင်သည်။

( ခ ) စစ်ဆေးတွေ့ရှိချက်အစီရင်ခံစာကို သက်သေခံချက်များ၊ စစ်ဆေးတွေ့ရှိချက်၊ သုံးသပ်ချက်၊ သဘောထားမှတ်ချက်များနှင့်အတူ သတ်မှတ်ချက်နှင့်အညီ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရမည်။

( ဂ ) စုံစမ်းစစ်ဆေးသည့် ကိစ္စရပ်အသီးသီးကို လျှို့ဝှက်ထားရမည်။

၃၀။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးလျက်ရှိကြောင်းကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီမှတစ်ဆင့် ဗဟိုကော်မတီနှင့် ယင်းသက်သေခံပစ္စည်းနှင့် သက်ဆိုင်သောအမှုကို စစ်ဆေးနေသောတရားရုံးသို့ ဆောလျင်စွာ တင်ပြရမည်။

၃၁။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေသက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြရမည်။

၃၂။ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာနှင့် သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင် သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီများ၏ အကြံပြုချက်များအရ-

(က) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေါ့လျော့မှု၊ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုကြောင့် မဟုတ်ဘဲ သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုးကြောင့် ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို သက်သေခံပစ္စည်းများစာရင်းမှ ပယ်ဖျက်ခွင့်ပြုရန် သက်ဆိုင်ရာ တရားရုံးသို့ တင်ပြရမည်။

( ခ ) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ၏ ပေါ့လျော့မှု၊ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုတို့ကြောင့် သက်သေခံပစ္စည်းများ ပျက်စီးခြင်း သို့မဟုတ် ပျောက်ဆုံးခြင်းဖြစ်လျှင် ထိုသူကို ပစ္စည်းတန်ဖိုး ပြန်လည်ပေးလျော်စေရန် အမိန့်ချမှတ်ပြီး ယင်းအမိန့်ကို သက်ဆိုင်ရာ တရားရုံးသို့ တင်ပြရမည်။

( ဂ ) သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူက သက်သေခံပစ္စည်းကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်း ပြုလုပ်ပါက ဤဥပဒေအရ အရေးယူရန် သက်ဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီအား ညွှန်ကြားရမည်။

၃၃။ ပုဒ်မ ၃၂ ပုဒ်မခွဲ(ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီက ချမှတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှု မရှိသူသည် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၃၄။ ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ သက်သေခံပစ္စည်းများစီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီ၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း ပြုနိုင်သည်။

၃၅။ ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်စေရမည်။

**အခန်း(၁၀)**

**တားမြစ်ချက်များ**

၃၆။ သက်သေခံပစ္စည်းများ ထိန်းသိမ်းရန်တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ မည်သူမျှ သက်သေခံပစ္စည်းများကို အခြားပစ္စည်းတစ်ခုခုဖြင့် လဲလှယ်ခြင်း၊ အတုပြုလုပ်အစားထိုးခြင်း၊ အလွဲသုံးစားပြုခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၃၇။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း ဆောင်ရွက်သည့် တာဝန်ရှိသူ မည်သူမျှ ဤဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိရ။

၃၈။ မည်သူမျှ ဒေသဆိုင်ရာကော်မတီ၏ စီမံထိန်းသိမ်းမှုအောက်ရှိ သက်သေခံပစ္စည်းကို ခိုးယူခြင်း သို့မဟုတ် ဖျက်ဆီးခြင်း မပြုရ။

**အခန်း(၁၁)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၃၉။ သက်သေခံပစ္စည်းများထိန်းသိမ်းရန် တာဝန်ရှိသူ သို့မဟုတ် ပစ္စည်းထိန်း သို့မဟုတ် ခံဝန်ချုပ်ဖြင့် လက်ခံထားသူ မည်သူမဆို ပုဒ်မ ၃၆ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးသုံးနှစ်မှ အများဆုံးငါးနှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်းတစ်ထောင်အထိ ငွေဒဏ် ချမှတ်ရမည်။

၄၀။ သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်းဆောင်ရွက်သည့် တာဝန်ရှိသူ မည်သူမဆို ပုဒ်မ ၃၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း တစ်ရာမှ အများဆုံး ကျပ်သိန်း ငါးရာအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်နိုင်သည်။

၄၁။ မည်သူမဆို ပုဒ်မ ၃၈ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးငါးနှစ်မှ အများဆုံးခုနစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံးကျပ်သိန်းငါးရာမှ အများဆုံးကျပ်သိန်းတစ်ထောင်အထိ ငွေဒဏ်ချမှတ်ရမည်။ *စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

၄၂။ မည်သူမဆို ဤဥပဒေပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အားပေးကူညီခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ အားထုတ်ခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

၄၃။ ဤဥပဒေအရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ထပ်မံ ကျူးလွန်ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းထားသော အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

**အခန်း(၁၂)**

**အထွေထွေ**

၄၄။ ဤဥပဒေနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများသည် တရားရုံးသို့တင်ပို့ရန်အတွက် သယ်ယူ ရွှေ့ပြောင်းရန်ခက်ခဲသော သက်သေခံပစ္စည်းများဖြစ်ပါက ယင်းသက်သေခံပစ္စည်းများကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်းများ တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲသည့်အမိန့် ချမှတ်ရမည်။

၄၅။ တရားရုံးသည် ဤဥပဒေနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုနိုင်သော သက်သေခံပစ္စည်းများကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးစီရင်ခြင်းပြုလုပ်သည့်ကာလအတွင်း သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးရုံးက ထိန်းသိမ်းထားရန် အမိန့်ချမှတ်နိုင်သည်။

၄၆။ တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်ကို ဤဥပဒေဖြင့်သာ အရေးယူရမည်။

၄၇။ ဤဥပဒေအရ ပေးအပ်သောလုပ်ငန်းတာဝန်များကို သဘောရိုးဖြင့်ဆောင်ရွက်သော မည်သူ့ကိုမဆို ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ မည်သည့်တရားရုံးတွင်မျှ တရားစွဲဆိုခွင့် မရှိစေရ။

၄၈။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ သို့မဟုတ် ခရိုင်သက်သေခံပစ္စည်းများ စီမံထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မ ၃၂ ပုဒ်မခွဲ (ခ) အရ ပစ္စည်းတန်ဖိုး ပြန်လည်ပေးလျော်စေရန် ပျက်ကွက်သူထံမှ ရရန်ရှိသောငွေများကို အခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဒေသဆိုင်ရာကော်မတီဥက္ကဋ္ဌသည် သင့်လျော်သည့် မိမိ၏ကော်မတီအဖွဲ့ဝင်တစ်ဦးဦးအား ကော်လိတ်တော်အရာရှိအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၄၉။ ဒေသဆိုင်ရာကော်မတီသည်-

(က) ရွှေ့ပြောင်းနိုင်သော သက်သေခံပစ္စည်းများ စီမံခန့်ခွဲရာတွင် တရားရုံးက ချမှတ်သော အမိန့်ကို အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက် ကျော်လွန်သည်အထိ စောင့်ဆိုင်းပြီး တရားရုံး အမိန့်နှင့်အညီ စီမံခန့်ခွဲရမည်။

( ခ ) ပုဒ်မခွဲ(က)အရ သက်သေခံပစ္စည်းများ အပြီးသတ်စီမံခန့်ခွဲပြီးစီးကြောင်း အစီရင်ခံစာကို သက်ဆိုင်ရာတရားရုံးသို့ ပြန်လည်တင်ပြရမည်။

၅၀။ ဗဟိုကော်မတီသည် တရားရုံး သို့မဟုတ် ဤဥပဒေနှင့်သက်ဆိုင်သည့် ပြစ်မှုတစ်ရပ်ရပ်အရ နိုင်ငံ့ဘဏ္ဍာသိမ်းအမိန့်ချမှတ်ခွင့်ရှိသောအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းက နိုင်ငံ့ဘဏ္ဍာသိမ်း အမိန့်ချမှတ်ထားသော သက်သေခံပစ္စည်းများအနက် ရွှေ့ပြောင်းနိုင်သည့် သက်သေခံပစ္စည်းများကို အယူခံ သို့မဟုတ် ပြင်ဆင်မှုတင်သွင်းရမည့်ရက်ကျော်လွန်ပြီး တစ်နှစ်အတွင်း စီမံခန့်ခွဲနိုင်ရေး ကြပ်မတ်ညွှန်ကြားရမည်။

၅၁။ ဗဟိုကော်မတီနှင့်သက်ဆိုင်သည့် ရုံးလုပ်ငန်းများကို ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆောင်ရွက်ရမည်။

၅၂။ ဤဥပဒေ ပြဋ္ဌာန်းခြင်းမပြုမီ တရားရုံးတွင် ထိန်းသိမ်းထားရှိသော သက်သေခံပစ္စည်းများသည် ဤဥပဒေနှင့် အကျုံးဝင်ခြင်း မရှိစေရ။

၅၃။ ပုဒ်မ ၂ ပါ ပြစ်မှုများနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို စီမံခန့်ခွဲရာတွင် တည်ဆဲဥပဒေများ၌ မည်သို့ပင် ပါရှိစေကာမူ ဤဥပဒေအရသာ လိုက်နာဆောင်ရွက်ရမည်။

၅၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်-

(က) ပြည်ထဲရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ ထုတ်ပြန်နိုင်သည်။

( ခ ) ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဗဟိုကော်မတီတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ အိမ်ရာပိုင်ထရန်စဖော်မာများတွင် Check မီတာနှင့် အိမ်ရာအတွင်းသုံး မီတာတပ်ဆင်ထားရှိမှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၉**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်နှင့် ခရိုင်တို့မှ တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၈ ရက်က ကမာရွတ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် အိမ်ရာပိုင်ထရန်စဖော်မာများတွင် Check မီတာနှင့် အိမ်ရာအတွင်းသုံး မီတာများ တပ်ဆင်ထားရှိမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ရှေးဦးစွာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ အိမ်ရာပိုင်ထရန်စဖော်မာများရှိ Main မီတာ၊ Check မီတာများ၊ အိမ်ရာအတွင်းသုံးမီတာများနှင့်ပတ်သက်၍ ယူနစ်ဖတ်ချက် အခြေအနေများ၊ ဓာတ်အားပျောက်ဆုံးမှုအခြေအနေများ၊ ဓာတ်အားခ ကောက်ခံနေမှု အခြေအနေများ၊ ဓာတ်အားခ၏ ကြွေးကျန်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရပ်ကွက် (၇) ရှိ ရွှေကိန္နရီအိမ်ရာနှင့် အမှတ်(၄)ရပ်ကွက် ဘုရင့်နောင်တာဝါ (၂) သို့ သွားရောက်၍ အိမ်ရာပိုင်ထရန်စဖော်မာများတွင် Check မီတာနှင့် အိမ်ရာအတွင်းသုံးမီတာများ၏ ယူနစ်



ကွာခြားမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ တရားမဝင်ဓာတ်အားသုံးစွဲမှုများ စိစစ်ဖော်ထုတ်ရေး၊ မီတာကတ်များကို လစဉ်စနစ်တကျမှန်ကန်စွာဖတ်ရှု၍ ယူနစ်ဖတ်ချက်များ ပြည့်စုံမှန်ကန်စွာ ဖြည့်သွင်းရေး Check မီတာကွာခြားယူနစ်သတ်မှတ် ကောက်ခံရာတွင် လုပ်ထုံးလုပ်နည်းများ၊ သတ်မှတ်ထားသည့် ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။ **ချစ်ဆောင်(YESC)**

## နမ့်စန်မြို့နယ်၌ ဆောင်းသီးနှံ မုန်ညင်းစိုက်ပျိုးထားမှုကို စာရင်း၊မြေပုံ မှတ်တမ်းတင်မှု ရှိ မရှိ ကွင်းဆင်းစစ်ဆေး

**နမ့်စန် ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် အမှတ်(၅) ကျေးရွာအုပ်စု ကွင်းအမှတ်(၁၃)၊ အမှတ်(၄) ရွာ အရှေ့ကွင်းရှိ ဒေါ်အေးအေးခိုင်၏ ယာမြေ ၈ ဒသမ ၅၁ ဧက၊ ဒေါ်သီတာစိုး၏ ယာမြေ ၂ ဒသမ ၂၁ ဧက၊ ဦးကျော်သူစိုး၏ ယာမြေ ဧက ၂ ဒသမ ၈၀ ၊ ဦးကျော်ကိုကိုထိုက်၏ ယာမြေ ဧက၅ ဒသမ ၆၀၊ ဦးစိုးဝင်းမောင်၏ ယာမြေ ၅ ဒသမ ၀၄ ဧကပေါ်တွင် ဆောင်းသီးနှံ မုန်ညင်းသီးနှံစိုက်ပျိုးထားရှိမှုများကို သက်ဆိုင်ရာတာဝန်ခံများက ကြေးတိုင်နှင့် မြေစာရင်းဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ မရှိကို သက်ဆိုင်ရာ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၈ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် နမ့်စန်ခရိုင် မြေစာရင်းဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးသန့်ဇော်ဦးနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းအေးချမ်းမောင်မောင်၊ ရှမ်းပြည်နယ် မြေစာရင်းဦးစီးဌာနမှ စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် လက်ထောက်ညွှန်ကြားရေးမှူး ဦးပိုင်သူရချို့နှင့် စစ်ဆေးရေး အဖွဲ့ဝင်များ၊ နမ့်စန်မြို့နယ် မြေစာရင်း ဦးစီးဌာနမှူး ဦးမောင်မောင်ကျော်နှင့် တာဝန်ခံဝန်ထမ်းများက ကွင်းဆင်းစစ်ဆေးသည်။ **(အောက်ပုံ)** **သူရအောင်(နမ့်စန်)**



## နေပြည်တော်ရှိ အထက်တန်းဆင့်သင် ဆရာ ဆရာမများအတွက် အရည်အသွေးမြှင့် သင်တန်းပို့ချ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအတွက်အခြေခံပညာအထက်တန်း ဆင့် Grade – 12 သင်ကြားသင်ယူမှု ထိရောက်ရေး အရည်အသွေးမြှင့် ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက်က မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာနှင့် ဘောဂဗေဒ ဘာသာရပ်များအတွက် အထက (၆) နေပြည်တော်တွင် လည်းကောင်း၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင်၊ သမိုင်းနှင့် ဇီဝဗေဒ ဘာသာရပ်များအတွက် အထက (၅) နေပြည်တော်တွင်လည်းကောင်း ကျောင်းပရာ Naypyitaw State Academy မှ သင်တန်းနည်းပြဆရာ ဆရာမ ၅၈ ဦးက သင်ကြားပို့ချပေးလျက်ရှိသည်။



အဆိုပါ သင်တန်းများသို့ အထက်တန်းဆင့်သင် ဆရာ ဆရာမ ၁၄၈၁ ဦး တက်ရောက်လျက်ရှိကြောင်းနှင့် ယခုဖွင့်လှစ်သည့် သင်တန်းကို ဒီဇင်ဘာ ၂၈ ရက်မှစတင်၍ လေးရက်ကြာ ဖွင့်လှစ်ပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ မင်းမင်းလတ်(မန်းတက္ကသိုလ်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်း အသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# သက်တမ်းရင့်လွတ်လပ်ရေးနှင့် ပြည်သူများ၏ ဆန္ဒမီးရှူးတိုင်

ခင်ရတနာ





ရန်ကုန်မြို့ ဝန်ကြီးများရုံးရှိ လွှတ်တော်အဆောက်အအုံရှေ့တွင် ယူနီယံဂျက်အလံကိုချ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံတင် အခမ်းအနား ကျင်းပစဉ်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့သည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝက လွတ်မြောက်၍ လွတ်လပ်ရေးရရှိသော (၇၇) နှစ်မြောက် နေ့ထူးနေ့မြတ်ဖြစ်သည်။ လွန်ခဲ့သည့် (၇၇) နှစ် ဇန်နဝါရီလဆန်းပိုင်းကတည်းက လွတ်လပ်ရေးရရှိတော့မည့် မင်္ဂလာအချိန်အခါကို ပြည်သူတို့ စောင့်ဆိုင်းနေကြလိမ့်မည်။

အေးမြသော ဆောင်းအငွေ့အသက်တို့ဖြင့် ထုံလွှမ်းထားသည့် ရန်ကုန်မြို့သည် သူ၏ မြေပေါ်၌ နိုင်ငံတော်အလံတိုင်ထက်လွှင့်ထူခြင်းကို စိတ်လှုပ်ရှားစွာ စောင့်ဆိုင်းနေမည်လားမသိ။ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်။ နံနက်ဝေလီဝေလင်းတွင် လွတ်လပ်ရေး ကြေညာမည်ဟူသည့် သတင်းစကားသည် ရန်ကုန်မြို့မှသည် နယ်စွန်နယ်ဖျားမကျန် ပျံ့နှံ့လာခဲ့သည်။ ညလုံးပေါက် မအိပ်ဘဲ စိတ်လှုပ်ရှားစွာ စောင့်မျှော်နေကြသူများ၊ လွတ်လပ်စွာ ဖြတ်သန်းရတော့မည့် လက်ကျန်ဘဝများအတွက် ကြိုတင်စီမံကိန်းချသူများ၊ လွတ်လပ်ရေး၏ အရသာကို ပုံဖော်ခံစားနေကြသူများ၊ လွတ်လပ်ရေးအတွက် အသက်ပေးခဲ့သည့် အာဇာနည်အပေါင်းအား လွမ်းမေသတိရ ကျေးဇူးတင်နေကြသူများ စသည်ဖြင့် အုတ်အုတ်ကျက်ကျက်ရှိနေသည်ဟု သမိုင်းမှတ်တမ်းများတွင် ဖတ်ရှုရသည်။ ထိုနေ့သည် နှစ်ပေါင်း ၁၀၀ ကျော် သူတစ်ပါးထိန်းချုပ်ခံ ကျွန်ဘဝမှ လွတ်မြောက်၍ ကိုယ့်နိုင်ငံ၏ ကြမ္မာကို ကိုယ်တိုင်ထုဆစ် ရေးခြယ်ခွင့်ရရှိသည့်နေ့မို့ လူတိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြမည်ဆိုသည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။

နံနက် ၄ နာရီ မိနစ် ၂၀ တိတိတွင် ရန်ကုန်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော ဗမာ့တပ်မတော်နှင့် ဗြိတိသျှရေတပ်တို့မှ အမြောက်သံများကို စတင်ကြားရသည်။ တဒုန်းဒုန်း ပစ်ခတ်လိုက်သည့် အမြောက်သံများက စစ်ပွဲများအတွက်မဟုတ်၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိတော့မည့်အတွက် အခါတော်ပေးသည့် အမြောက်သံများပင်ဖြစ်သည်။ အမြောက်သံများ၏ အဆုံးတွင် ရန်ကုန်မြို့ဝန်ကြီးများရုံးရှေ့ နှစ်ပေါင်း ၁၀၀ ကျော် ဦးညွှတ်ခဲ့ရသည့် ယူနီဂျက်အလံမှာ တိုင်ထိပ်ဆီမှ အောက်သို့ တဖြည်းဖြည်း လျှောကျသက်ဆင်း၍ လာခဲ့သည်။ ထို့နောက် မြန်မာတစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့် မြန်မာနိုင်ငံတော်အလံကား တိုင်အောက်မှ တိုင်ထိပ်ဆီသို့ တစ်ဟုန်ထိုး မြင့်တက်၍သွားကာ တိုင်ထိပ်ဖျားဆီတွင် နေရာယူသည်။ ဟေမန်ဆောင်း၏ လေပြေညင်းက တိုင်ထိပ်ဖျားဆီမှ နိုင်ငံတော်အလံ တလွင့်လွင့်ဖြင့် ပို၍ဂုဏ်တင့်အောင် ပံ့ပိုးနေသယောင်။

## လွတ်လပ်သောအရသာ

လွတ်လပ်ရေးရသဖြင့် အချို့သော ပြည်သူများက ဝမ်းသာသဖြင့် မျက်ရည်လည်ကြသည်။ အချို့က ထ၍ကကြသည်။ အချို့က အလှူအတန်းများပေးသည်။ အချို့မှာ ပျော်မဆုံး မော်မဆုံး ပြေးလွှားဟစ်အော်လျက်။ အချို့ကတော့ ငြိမ်သက်စွာ လွတ်လပ်သော အရသာကို ခံစားကြ၏။ သူ့ကျွန်ဘဝမှ လွတ်မြောက်သည့်နောက်ပိုင်း ပြည်သူတို့၏ မျှော်လင့်ချက်မှာ တိုးတက်အောင်၊ စည်ပင်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြံဆောင်ကြမည်။ ကလေးများ၏အသံ စာသင်ကျောင်းများအထက် ဘဝဂ်သို့ညံကြမည်။ မီးခိုး တလူလူဖြင့် စက်ရုံကြီးများ လည်ပတ်ကြမည်။ တောင်တန်းနှင့် ပြည်မ၊ မြေပြန့်နှင့် တောင်ပေါ်၊ အညာမှ အကြေ စသည်ဖြင့် ကားလမ်းကြီးများ၊ ရထားလမ်းကြီးများပေါ်တွင် ဥဒဟိုသွားလာကြမည်။ စစ်ပွဲတို့ရပ်ကာ ငြိမ်းချမ်းရေးပန်းခင်းကြီး ထာဝရပွင့်ဖူးကြတော့မည်ဟူသည့် စိတ်အစဉ်ဖြင့် ပျော်မဆုံးဖြစ်ခဲ့ကြသည်။

❑ လွတ်လပ်ရေးရသဖြင့် အချို့သော ပြည်သူများက ဝမ်းသာသဖြင့် မျက်ရည်လည်ကြသည်။ အချို့က ထ၍ကကြသည်။ အချို့က အလှူအတန်းများပေးသည်။ အချို့မှာ ပျော်မဆုံး မော်မဆုံး ပြေးလွှားဟစ်အော်လျက်။ အချို့ကတော့ ငြိမ်သက်စွာ လွတ်လပ်သော အရသာကို ခံစားကြ၏။ သူ့ကျွန်ဘဝမှ လွတ်မြောက်သည့်နောက်ပိုင်း ပြည်သူတို့၏ မျှော်လင့်ချက်မှာ တိုးတက်အောင်၊ စည်ပင်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြံဆောင်ကြမည်။ ကလေးများ၏အသံ စာသင်ကျောင်းများအထက် ဘဝဂ်သို့ညံကြမည်။ မီးခိုးတလူလူဖြင့် စက်ရုံကြီးများ လည်ပတ်ကြမည်။ တောင်တန်းနှင့် ပြည်မ၊ မြေပြန့်နှင့် တောင်ပေါ်၊ အညာမှ အကြေ စသည်ဖြင့် ကားလမ်းကြီးများ၊ ရထားလမ်းကြီးများပေါ်တွင် ဥဒဟိုသွားလာကြမည်။ စစ်ပွဲတို့ရပ်ကာ ငြိမ်းချမ်းရေးပန်းခင်းကြီး ထာဝရပွင့်ဖူးကြတော့မည်ဟူသည့် စိတ်အစဉ်ဖြင့် ပျော်မဆုံး ဖြစ်ခဲ့ကြသည်

လွတ်လပ်ရေးမရမီနှစ် လုပ်ကြံမခံရမီက မြို့တော်ခန်းမတွင် ပြောကြားခဲ့သည့် မိန့်ခွန်းတစ်ရပ်တွင် ဗိုလ်ချုပ်အောင်ဆန်းက ရှေ့ရေးကို ကြိုမြင်ခဲ့သည့်အလား ပြည်သူများကို "လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးရနိုင်လောက်တဲ့ စည်းကမ်းကို ရှိကြပါ။ လွတ်လပ်ရေးကို လိုချင်လို့ရှိရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ညီညွတ်မှုကို ထိန်းသိမ်းထားပါ။ လွတ်လပ်ရေးကို လိုချင်ရင် လွတ်လပ်ရေးကို ရနိုင်တဲ့ ထူထောင်မှုကို လုပ်ကြပါ။ အဲဒီလို လုပ်ပြီးတဲ့နောက် ရှေ့ကို လွတ်လပ်ရေးအရသာကို ခံစားစံစားချင်တယ်ဆိုရင် အလုပ်လုပ်ကြဖို့၊ စည်းကမ်းရှိကြဖို့၊ အခုကတည်းက ခင်ဗျားတို့ကိုယ်ကို အကျင့်ဆိုးတွေ၊ အကျင့်ဟောင်းတွေ၊ သောက်ကျင့်တွေကို ပြင်ကြဖို့လိုပြီ" ဟု ဘွင်းဘွင်းရှင်းရှင်း ဆိုခဲ့သည်။ ဗိုလ်ချုပ် သတိပေးခဲ့သော်လည်း မိမိတို့ ယနေ့တိုင် စည်းကမ်းလိုက်နာမှု အားနည်းနေသေးသည်။ ညီညွတ်မှုတို့ ပျောက်ဆုံးနေရဆဲ၊ လွတ်လပ်ရေး၏ အရသာကို ပြည်သူများ တင်းပြည့်ကျပ်ပြည့် ခံစားခွင့်မရရှိဆဲ။

## ခိုးလိုးခုလုဖြစ်နေရဆဲ

အင်္ဂလိပ်တို့သည် တောင်တန်းဒေသများကို လွတ်လပ်ရေးချက်ချင်းမပေးလိုသည့် စေတနာဆိုးဖြင့် တောင်တန်း ပြည်မခွဲခြားသပ်လျှိုခဲ့သည့် ပရိယာယ်သည် ယနေ့တိုင် တောင်တန်းသားနှင့် မြေပြန့်သားတို့အကြား ခိုးလိုးခုလုဖြစ်နေရဆဲ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်များက အမြော်အမြင်ကြီးစွာ ငြင်းကြခုံကြ ဆွေးနွေးကြရင်း ပင်လုံစာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းကြောင့်သာ လွတ်လပ်ရေးအတူတကွ ရယူနိုင်ခဲ့ကြသော်လည်း ဗိုလ်ချုပ်မရှိတော့သည့်နောက်ပိုင်း တောင်တန်းသား၊ မြေပြန့်သား၊ ဗမာ၊ တိုင်းရင်းသား စသည့် ငုပ်လျှိုးနေသည့် အယူအဆမှာ အမြစ်တွယ်လျက် အခါအခွင့်သင့်တိုင်း ခေါင်းထောင်၍ ထသည်မှာ ယနေ့တိုင် မငြိမ်းသတ်နိုင်သေးသည့် စစ်မီးများ၏အစပင် ဖြစ်ပါသည်။ လက်နက်ကိုင် တော်လှန်ခြင်းကို အင်္ဂလိပ်ခေတ်နှင့် ဂျပန်ခေတ်တို့တွင် မျက်ဝါးထင်ထင် မြင်ခဲ့ရသည့် လွတ်လပ်ရေးရပြီးစ မိမိတို့နိုင်ငံ၏ အခြေအနေကို သမိုင်းဖြစ်စဉ်များနှင့် ဆက်စပ်၍ ကြည့်မိသည်။ မဟာမိတ်တပ်များနှင့် ဂျပန်တို့၏ ထောင်းထောင်းကြေ စစ်တလင်းအဖြစ် ငါးနှစ်ကျော်ဖြတ်သန်းခဲ့ပြီး လွတ်လပ်ရေး ရရှိချိန်တွင် အခြေခံအဆောက်အအုံ အတော်များများ ပျက်စီးနေခဲ့ရပြီးဖြစ်သည်။ ဘူတာရုံများ၊ ရထားလမ်း၊ ကားလမ်းများကား အပြိုပြိုအလဲလဲ၊ စက်ရုံ အလုပ်ရုံများကား မီးလောင်တစ်စပြင်၌ ဟိုတစ်စု ဒီတစ်စု ပြန့်ကျဲလျက်၊ အမြို့မြို့ အနယ်နယ်တွင် ဗုံးကြဲလေယာဉ်များကြောင့် ပျက်စီးမှုများစွာတို့နှင့် မရှင်းလင်းနိုင်သေး။ ကိုလိုနီတို့ ဆုတ်ခွာရာတစ်လျှောက် ပျက်စီးခဲ့ရသည့် စိုက်ခင်းများ၊ ဘုရားရင်ပြင်တော်များ၊ ဇရပ်များ၌ စစ်ဘေးသင့် ပြည်သူများစွာက အိမ်မပြန်နိုင်သေး။ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များစွာတို့က အသင့်စောင့်ဆိုင်းနေချိန်ဖြစ်ပါသည်။

## မငြိမ်းသောမီး တငွေ့ငွေ့

လွတ်လပ်ရေးရပြီး သက်တမ်းနုနု မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းပေါ်၊ ထူထောင်ရေးလမ်းကြောင်းပေါ်တက်မည် ကြံသည်သာရှိသေး မတူညီသော နိုင်ငံရေး အယူအဆမျိုးစုံ၊ ကွဲပြားသော အတွေးအခေါ် မျိုးစုံနှင့် ကွန်မြူနစ်တို့က တောခိုကြသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် မူဂျာဟစ်ဒင်တို့က ထိန်းချုပ်ရန်တာစူကြသကဲ့သို့ ကေအန်ယူက ရန်ကုန်မြို့အနီး အင်းစိန်သို့ပင် ပြောင်ပြောင်တင်းတင်း နီးကပ်လာသည်အထိ ဖြစ်ခဲ့သည်။ အတွေ့အကြုံနုနု အစိုးရအဖို့ တိုင်းပြည်၏ မုန်တိုင်းများအကြား အလူးအလဲဖြင့် ရင်ဆိုင်ဖြေရှင်းနေရသည်။ ဗမာ့တပ်မတော်ခမျာလည်း ရောင်စုံသူပုန်များအကြား လက်မလည်နိုင်ခဲ့။ ဆိုရလျှင် လွတ်လပ်ရေး၏ ဖွားဖက်တော်များဟု ကဲ့ရဲ့ရှုတ်ချရမည့် လက်နက်ကိုင်ပဋိပက္ခသည်ကား မငြိမ်းသောမီးအဖြစ် တငွေ့ငွေ့ တောက်လောင်ခဲ့သည်မှာ ယနေ့တိုင်ပင်မဟုတ်ပါလော။

*စာမျက်နှာ ၁၁ သို့*

# ညောင်ရွှေမြို့နယ်ရှိ သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးနေအိမ် ၉၉၃၄ လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေပေးအပ်



ညောင်ရွှေ ဒီဇင်ဘာ ၂၉

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းက ဖြစ်ပွားခဲ့သည့် ရာဂီမုန်တိုင်း အရှိန်ကြောင့် ညောင်ရွှေမြို့နယ်အတွင်း ရေဘေးသင့်ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနမှ အိမ်ဆောက်ပစ္စည်းတန်ဖိုးငွေများ ပေးအပ်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက်က ညောင်ရွှေမြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးက တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးခဲ့သည့် နေအိမ် ၉၉၀၉ လုံးအတွက် အိမ်ဆောက်ပစ္စည်း တန်ဖိုးငွေကျပ် ၄၉၅၄ ဒသမ ၅ သိန်း ကိုလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံက နန်းပန်မြို့မှ ထိခိုက်ပျက်စီးသွားသည့် နေအိမ်များအတွက် ငွေကျပ် ၃၀၀ သိန်းကိုလည်းကောင်း၊ ပြည်နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှူး ဦးစိုးနိုင်က နန်းသဲကျေးရွာအုပ်စုမှ ထိခိုက်ပျက်စီးသွားသည့် နေအိမ်များအတွက် ငွေကျပ် ၄၀၂ သိန်းကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စွာလင်းက ကန်သာရပ်ကွက်မှ ထိခိုက်ပျက်စီးခဲ့သည့် နေအိမ်များအတွက် ငွေကျပ် သိန်း ၈၀ ကို လည်းကောင်း ပေးအပ်သည်။

အဆိုပါ ရာဂီမုန်တိုင်းအရှိန်ကြောင့် ညောင်ရွှေမြို့နယ်အတွင်း လုံးဝပြိုကျပျက်စီးခဲ့သည့် နေအိမ် ၂၅ လုံးနှင့် တစ်စိတ်တစ်ပိုင်း ထိခိုက်ပျက်စီးခဲ့သည့် နေအိမ် ၉၉၀၉ လုံး စုစုပေါင်း နေအိမ် ၉၉၃၄ လုံးရှိကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# သထုံမြို့နယ်၌ (၇၅) ကြိမ်မြောက် စိန်ရတု (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကျင်းပ

သထုံ ဒီဇင်ဘာ ၂၉

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဗဟိုမှ ကြီးမှူး၍ ကျင်းပသည့် (၇၅) ကြိမ်မြောက် စိန်ရတု (၃၈) ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲကို ဒီဇင်ဘာ ၂၇ ရက်က စတင်ကာ သထုံမြို့ သိမ်ကုန်းရပ်ကွက် နတ်စင်လမ်းရှိရန်အောင်မြင်ကျောင်းတိုက် လမ္ဘတော်ကျောင်းတိုင်လုံးကြီးဓမ္မာရုံ၌ ကျင်းပသည်။ **(အောက်ပုံ)**

စာမေးပွဲဖြေဆိုရာတွင် ဦးစွာ ရန်အောင်မြင်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တသုမင်္ဂလက စာဖြေသူများအား ဩဝါဒစကားမြွက်ကြားပြီး စာမေးပွဲကျင်းပရေးတာဝန်ခံ ဦးထွန်းဟိန်းက ဖြေဆိုကြရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဖြေဆိုသူတို့က (၃၈) ဖြာမင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲ(အငယ်တန်း) အဆင့်ကို ဖြေဆိုကြရာ အလှူရှင်များက အချိုရည်များ၊ လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်သည်။

အဆိုပါစာမေးပွဲတွင် သထုံမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်စာသင်တိုက်များ၊ အခြေခံပညာကျောင်းများမှ သာမဏေ၊ သီလရှင်နှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၉၅ ဦး အေးချမ်းစွာ ဝင်ရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# အောင်ပန်းပြည်သာယာဈေး၌ မီးဘေးလုံခြုံရေး လေ့ကျင့်



ကလော ဒီဇင်ဘာ ၂၉

ကလောမြို့နယ်စည်ပင်သာယာရေးဌာနပိုင် အောင်ပန်းမြို့ ပြည်သာယာဈေး မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဒီဇင်ဘာ တတိယပတ်က ဆောင်ရွက်သည်။ (ဝဲပုံ)

ထိုသို့ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းပြီး လက်တွေ့လေ့ကျင့်ခြင်း၊ ပညာပေးခြင်း၊ မီးသတ်ယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်းတို့အား သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

*စာမျက်နှာ ၁၀ မှ*

### စစ်ပွဲများအဆုံးသတ်ရေး

**“လွတ်လပ်ရေး သက်တမ်းရင့်တိုင်းပြည်တစ်ခုအနေဖြင့် နိုင်ငံရေးရင့်ကျက်မှုကား ယနေ့တိုင် မရနိုင်သေး၊ ပြည်သူတို့မှာ နိုင်ငံရေးမတည်ငြိမ်မှု၏ အကျိုးဆက်စီးပွားရေးချွတ်ခြုံကျမှု၊ တရားဥပဒေမစိုးမိုးမှုနှင့် စစ်ဘေးဒဏ်တို့အကြား မလူးနိုင်မလွန့်နိုင်။ နိုင်ငံ၏ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ စက်ရုံ၊ အလုပ်ရုံ၊ လျှပ်စစ် ဓာတ်အားပေးဝေမှုနှင့် လူ့စွမ်းအား အရင်းအမြစ်ပျိုးထောင်ရေး အစရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များအားလုံးသည် တည်ဆောက်ရင်း၊ ဖျက်ဆီးခံရရင်းဖြင့် သံသရာလည်နေဆဲ”**

ပြီးခဲ့သည့်နှစ်ပေါင်း ၇၇ နှစ်လုံးလုံး စစ်ပွဲများဖြင့်သာ ပြီးခဲ့သည်ကား မဟုတ်ပါ။ ခေတ်အဆက်ဆက် နိုင်ငံ့ခေါင်းဆောင်များက ဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေး စသည်တို့ကို အကြောင်းရင်းခံပြု ဖြစ်ပေါ်ခဲ့သည့် စစ်ပွဲများ အဆုံးသတ်ရေးအတွက် ဖိတ်ခေါ် ဆွေးနွေးခြင်း၊ လက်နက်များကို ထားရစ်ကာ စားပွဲဝိုင်းများဆီ အဖြေရှာရန် ညှိနှိုင်းခဲ့သည်မှာ အခါခါပင်ဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်ရေး၊ အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတို့ကိုလည်း အစိုးရများက ဆောင်ရွက်ခဲ့ကြရသည်။ ထို့အတူ အန္တိမပန်းတိုင်ဖြစ်သည့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ဒီမိုကရေစီလမ်းကြောင်း ဖြောင့်ဖြူးစေမည့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းကောင်း၊ လွှတ်တော်များ၏ အခန်းကဏ္ဍကိုလည်းကောင်း နိုင်ငံရေး စာမျက်နှာသစ်ဖွင့်လှစ်၍ ဒီမိုကရေစီအစိုးရနှစ်ဆက်တိုင် ကြိုးပမ်းဖော်ဆောင်နိုင်ခဲ့သည်။ ဒီမိုကရေစီခရီးလမ်းကား ဖြောင့်ဖြူးရန်ကြံစဉ်မှာပင် မဲမသမာခြင်းမှ အစပြုသည့် နိုင်ငံရေးအပြောင်းအလဲကာလတစ်ရပ်ကို ဖြတ်သန်းခဲ့ရပြီး CRPH, NUG အစရှိသည့် ပြည်ပြေးအကြမ်းဖက်သစ္စာဖောက်များ၊ ပြည်တွင်းပြည်ပ သွေးထိုးမြှောက်ပင့်သူများ၏ နောက်လိုက် PDF အကြမ်းဖက်များနှင့် မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ၊ ပြည်နာမှ ငွေရှာကောင်းမည်ဟူသော ရည်ရွယ်ချက်အပြည့်ဖြင့် လက်နက်ကိုင်သူပုန်အဖွဲ့များကလည်း တိုင်းပြည် အလုံးစုံပျက်စီးရေးကို ဦးတည်ရှေးရှုလျက် စစ်တလင်းကို များများဖန်တီးနေခြင်းမှာ အားလုံးအသိပင်ဖြစ်သည်။

**လွတ်လပ်ရေး သက်တမ်းရင့်တိုင်းပြည်တစ်ခုအနေဖြင့် နိုင်ငံရေးရင့်ကျက်မှုကား ယနေ့တိုင်မရနိုင်သေး၊ ပြည်သူတို့မှာ နိုင်ငံရေးမတည်ငြိမ်မှု၏ အကျိုးဆက် စီးပွားရေးချွတ်ခြုံကျမှု၊ တရားဥပဒေမစိုးမိုးမှုနှင့် စစ်ဘေးဒဏ်တို့အကြား မလူးနိုင် မလွန့်နိုင်။ နိုင်ငံ၏ အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ စက်ရုံ၊ အလုပ်ရုံ၊ လျှပ်စစ်ဓာတ်အားပေးဝေမှုနှင့် လူ့စွမ်းအား အရင်းအမြစ်ပျိုးထောင်ရေး အစရှိသည့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ အားလုံးသည် တည်ဆောက်ရင်း၊ ဖျက်ဆီးခံရရင်းဖြင့် သံသရာလည်နေဆဲ။**

မျိုးဆက်သစ်အချို့ တောခိုရင်း မျှော်လင့်ချက်မဲ့နေရသည့် သတင်းများ၊ ပြည်ပလက်ဝေခံများ၏ သွေးထိုးလှုံ့ဆော်မှုကို ယုံကြည်၍ မိမိတို့ဒေသဆီ စစ်ပွဲများ ဖိတ်ခေါ်ကြိုဆိုခဲ့ခြင်း၏ အကျိုးဆက် ပြန်စရာအိမ်မဲ့ခဲ့ရသည့် လူငယ်များ၊ စာသင်ကျောင်းများ မဖွင့်နိုင်၍ လမ်းပျောက်နေကြရသည့် လူမမယ်များ၊ နိုင်ငံရေးအကြောင်းပြကာ တော်လှန်ရေးအမည်တပ်၍ ပုံစံအမျိုးမျိုးသုံး အလှူခံပြီးနောက် ငွေထုပ်ပိုက်၍ ပြည်ပ၌ ကိုယ်ကျိုးစီးပွား အောင်မြင်ဖြစ်ထွန်းနေကြသော နိုင်ငံရေးသမားအမည်ခံ ကိုယ်ကျိုးရှာ တိုင်းပြည်သစ္စာဖောက်များ စသည့် သတင်းအချက်အလက် အကြောင်းအရာများကို မြင်ရတိုင်း နိုင်ငံသားတို့ ရင်ထုမနာဖြစ်ရသည်။

### နိုင်ငံရေးရင့်ကျက်မှုရှိသင့်ကြပြီ

စင်စစ် စစ်မီးများ ငြိမ်းအေးစေရန် လက်နက်ကိုင် အင်အားစုများ အားလုံးက အမြော်အမြင်ရှိရှိ ငြိမ်းချမ်းရေးကို ရှေးရှုကာ နိုင်ငံရေးရင့်ကျက်မှုရှိသင့်ကြပြီဖြစ်သည်။ တိုင်းပြည်ချစ်စိတ်ကို အခြေခံကာ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံဖြစ်စေရန်အတွက် နိုင်ငံသားများအားလုံး ကြိုးပမ်းဆောင်ရွက်သင့်ပါပြီ။ ဒီမိုကရေစီခရီးလမ်းတွင် လွတ်လပ်မှု၏ အရသာကို နိုင်ငံသားတိုင်း ခံစားခွင့်ရှိသည်။ လွတ်လပ်မှုကို လူတိုင်းမဲဆန္ဒပေးခွင့်အဖြစ် အတိအကျ သတ်မှတ်ပြဋ္ဌာန်းထားသည်။ နိုင်ငံသားတိုင်းထံတွင် နိုင်ငံရေးအာဏာ၏ အသေးဆုံးဝေစုတစ်ခု အပ်နှင်းပေးထားပြီးသားပင် ဖြစ်သည်။ ထိုအရာသည်ပင် လွတ်လပ်သောနိုင်ငံအတွင်း လူတိုင်းလုပ်ကိုင်ခွင့်ရရှိသည့် အခြေခံအကျဆုံး နိုင်ငံရေးလုပ်ပိုင်ခွင့် တစ်ရပ်ပင်ဖြစ်သည်။

လက်ရှိ စစ်မီးတို့ အဓိကပြဿနာသည် နိုင်ငံရေးပြဿနာကို စစ်ရေးနည်းဖြင့် ဖြေရှင်းနေကြခြင်းဖြစ်သည်။ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေးတံခါးကို ယခင်အဆက်ဆက်ကတည်းက ဖွင့်ထားသည်။ ယခုလည်း ဖွင့်ထားဆဲပင်။ ထာဝရငြိမ်းချမ်းရေးအတွက် အမှန်တကယ်ဆန္ဒရှိမည် သို့မဟုတ် နိုင်ငံရေးရင့်ကျက်မှုရှိ၍ ပြည်သူလူထု အကျိုးစီးပွားကို အမှန်တကယ်ရှေးရှုမည်ဆိုပါက ကိုင်စွဲထားသည့်လက်နက်များကို ဘေးချကာ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ အရောက်လာစေလိုပါသည်။

(၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့မှသည် ပြည်သူများအားလုံး လိုလားတောင့်တရသော ဆန္ဒမီးရှူးတိုင်ဖြစ်သည့် ပဋိပက္ခများချုပ်ငြိမ်း၍ ငြိမ်းချမ်းရေးအသီးအပွင့်များ အမြန်ဆုံးခံစားရပါစေဟု ဆုတောင်းရင်းသာ ။ ။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မှုတမူမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## စစ်သုံ့ပန်းများကို လည်လှီးသတ်ဖြတ်ခဲ့ကြသည့် ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့၏ လုပ်ရပ်နှင့်ပတ်သက်၍ မျိုးချစ်မြန်မာ ရဟန်းတော်များသမဂ္ဂ(ရန်ကုန်)၏ သဘောထားထုတ်ပြန်ကြေညာချက်

၁၃၈၆ ခုနှစ်၊ နတ်တော်လဆုတ် (၁၃)ရက်
၂၀၂၄ ခုနှစ် ဒီဇင်ဘာလ (၂၈)ရက်၊ စနေနေ့
စာအမှတ်၊ ။ ၁၃/ မ မ ရ သ /၂၀၂၄

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် (၁၃၅)မျိုးသော တိုင်းရင်းသားတို့ စည်းစည်းလုံးလုံးဖြင့် အေးအတူပူအမျှ နေထိုင်ခဲ့ကြသော နိုင်ငံဖြစ်သည်။ ယနေ့ လူလုပပတည်ရှိနေသော မြန်မာ့မြေပုံသည်(၁၃၅)မျိုးသော တိုင်းရင်းသားတို့၏ ပိုင်နက်နယ်မြေဖြစ်သည်။ လူမျိုးစုတစ်စုထဲကပိုင်သော နယ်မြေဆိုသည်မှာ တစ်လက်မမျှ မရှိပါ။ လူမျိုးစုအားလုံးပိုင်သော ဘုံဆိုင်နယ်မြေသာဖြစ်သည်။

၂။ ပုဂံခေတ်ရာဇကုမာရကျောက်စာကိုကြည့်လျှင် မြန်မာ့မြေပေါ်တွင် တိုင်းရင်းသားများ စုပေါင်းနေထိုင်ခဲ့ကြသည်ကို တွေ့ရှိရပါသည်။ ရာဇကုမာရမင်းသားသည်ပင် ဧဝဝတီခေါ် ရခိုင်ဒေသကိုအုပ်ချုပ်ခဲ့သော နယ်စားမင်းသားတစ်ပါးပင်ဖြစ်သည်။ ထို့ကြောင့် ရာဇကုမာရကျောက်စာသည် ပင်လုံစာချုပ်ထက်ခိုင်မာသော "ပြည်ထောင်စု စာချုပ်တစ်ခု" ဖြစ်သည်။ ယင်းပြည်ထောင်စုစာချုပ်ကို ကြည့်လျှင် တိုင်းရင်းသားအားလုံး ဥမကွဲ သိုက်မပျက် စည်းစည်းလုံးလုံး နေထိုင်ခဲ့ကြသည်ကို တွေ့ရပါသည်။

၃။ ယနေ့အချိန်၌ မြန်မာနိုင်ငံသည် ပဋိပက္ခမျိုးစုံ ရင်ဆိုင်လျက်ရှိ၏။ ယင်းသို့ ပဋိပက္ခဖြစ်ရခြင်းမှာ လက်နက်ကိုင်သူပုန်များက စစ်ပွဲများ မဖြစ်ဖြစ်အောင် သွေးထိုးလှုံ့ဆော်ခြင်းကြောင့်ဖြစ်သည်။ ဒေသတွင်းစစ်ပွဲများ ဖြစ်သောအခါ ဒေသခံလူထုသည် အိုးအိမ်ကို စွန့်ပစ်၍ တခြားနေရာသို့ ရွှေ့ပြောင်းနေထိုင်ကြရလေသည်။ AA ကို လက်မခံကြသည့် ရခိုင်လူမျိုးများသည် စစ်ပွဲများကြောင့် အိုးအိမ်ကိုစွန့်ခွာပြီး ရန်ကုန်မြို့တွင် အခြေချနေထိုင်လျက်ရှိကြသည်။ မြန်မာလူမျိုးများကလည်း ရခိုင်တိုင်းရင်းသားများကို ကူညီရိုင်းပင်းလျက်ရှိပါသည်။

၄။ လက်နက်ကိုင်သူပုန်အဖွဲ့ထဲတွင် ရခိုင်သူပုန် AA သည် အယုတ်မာဆုံးအဖွဲ့ဖြစ်သည်။ ဒေသစစ်ပွဲများ၌ ရခိုင်လူထုကို ငဲ့ညှာ၍ အလံဖြူထောင်ခဲ့ကြသည့် တပ်မတော်သားများအား ကျင်းတူးခိုင်းပြီး ၎င်းမြေကျင်းထဲသို့ ထည့်၍ လည်လှီးကာ သတ်ဖြတ်ခဲ့ကြသည်။ ထို့အပြင် စစ်သုံ့ပန်းများ လည်လှီးသတ်ဖြတ်မှုကို ဗီဒီယိုရိုက်ကူး၍လည်း အွန်လိုင်းပေါ်လွှင့်တင်ခဲ့ကြသည်။ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများစီးလာသောသင်္ဘောကို ဖောက်ခွဲ၍ ရေနစ်နေသည့် အမျိုးသမီးများနှင့် ကလေးများကိုလည်း သတ်ဖြတ်ခဲ့ကြသည်။ AA ၏ လုပ်ရပ်သည် ဂျနီဗာကွန်ဗင်းရှင်း၏ စည်းမျဉ်းစည်းကမ်းကို ဖောက်ဖျက်သည့်အတွက် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းပင်ဖြစ်သည်။

၅။ ဂျနီဗာကွန်ဗင်းရှင်းကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ကာ စစ်ရာဇဝတ်မှုကို ကျူးလွန်နေသော ရခိုင်သူပုန် AA အကြမ်းဖက်အဖွဲ့ကို နိုင်ငံရေးပါတီများ၊အသင်းအဖွဲ့များ၊ ဘာသာရေးခေါင်းဆောင်များမှ အသီးသီးဝိုင်းဝန်း၍ ဆန့်ကျင်ကန့်ကွက်ရှုတ်ချသင့်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရကလည်း အေးချမ်းစွာနေလိုသော ရဟန်းရှင်လူပြည်သူတို့အား ထိုသို့သော လက်နက်ကိုင်သူပုန်အဖွဲ့၏နှောင့်ယှက်မှုမှ အကာအကွယ်ပေးနိုင်ဖို့ အမြန်ဆုံးဆောင်ရွက်သင့်ပါသည်။

၆။ မြန်မာနိုင်ငံကို စစ်နှံ့ထဲ နှစ်သထက်နှစ်အောင် လုပ်ကိုင်ဆောင်ရွက်နေသော အကြမ်းဖက်အဖွဲ့အစည်းများအား လည်းကောင်း၊ မြန်မာနိုင်ငံမှ ခွဲထွက်ကာ ရခိုင်နိုင်ငံထူထောင်ဖို့ ကြိုးစားနေသော ဒေသခံလူတချို့အားလည်းကောင်း၊ လူသားချင်းစာနာထောက်ထားမှု မရှိဘဲ စစ်ရာဇဝတ်မှုကျူးလွန်နေသည့်ရခိုင်သူပုန် AA အဖွဲ့၏ လူမဆန်သည့်လုပ်ရပ်အားလည်းကောင်း မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)မှ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားကြေညာချက်ထုတ်ပြန်လိုက်သည်။

**မျိုးချစ်မြန်မာရဟန်းတော်များသမဂ္ဂ(ရန်ကုန်)**



## လမ်းမတော်မြို့နယ်၌ လွတ်လပ်ရေးနေ့အထိမ်းအမှတ်အကြိုပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြိုပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပလျက်ရှိရာ ပွဲတော်သို့ လာရောက်သည့်ပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို လမ်းမတော်မြို့နယ်ရှိ အနော်ရထာလမ်းတစ်လျှောက် (၁)လမ်းထိပ်မှ လမ်းမတော်လမ်းအထိ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ဆိုင်များဖြင့် ဆိုင်ခန်းပေါင်း ၂၀၀ ကျော် ဖွင့်လှစ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ကျော်ဆန်းမြင့်(မြန်/ဆက်)

❍ ကျောဖုံးမှ

အသင်း၊ Burmese Youth အသင်း၊ ရွှေပြည်သာအသင်း Mar Rein အသင်းနှင့် Yangon Focus အသင်း နိုင်ပွဲရရှိသည်။ ပြိုင်ပွဲကို ၁၂သင်းဝင်ရောက်ယှဉ်ပြိုင်နေပြီး အပတ်စဉ်စနေနှင့် တနင်္ဂနွေနေ့များတွင် ကျင်းပမည်ဖြစ်သည်။ **ရဲရင့်လွင်**

❊ ကျောဖုံးမှ

MH Dream Team အသင်းမှာလည်း ဂိုးပြတ်နိုင်ပွဲဖြင့် အဖွင့်လှခဲ့သည်။ ရာသီကြို ပြင်ဆင်မှုများစွာ ပြုလုပ်ပြီး VUC အသင်းမှ လက်ရွေးစင်အဆင့် ကစားသမားလေးဦးအထိ ခေါ်ယူထားသည့် တန်းတက် YRG အသင်းသည် အဖွင့်ပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့သည်။ နာမည်ကြီး MIU အသင်းကို ပထမပိုင်းအပြီးထိ တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်သော်လည်း ဒုတိယပိုင်းတွင် ဂိုးပြန်ပေးရသဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-MFF**

❖ ကျောဖုံးမှ

အတ္တလန္တာအသင်းသည် လာဇီယိုအသင်းကို အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရပြီး ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့သော ဘရက်စီယာနီနီ၏ နောက်ကျသွင်းဂိုးကြောင့်သာ တစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

အတ္တလန္တာအသင်းက ဂိုးရရှိနိုင်သည့် အခွင့်အရေးများနှင့်အတူ ပြင်ဘက်လာဇီယိုအသင်းကို ခြေစွမ်းအသာဖြင့် ပွဲချိန်အများစု ဖိအားပေးကစားနိုင်ခဲ့သည်။ လာဇီယိုအသင်း၏ တုံ့ပြန်တိုက်စစ်ဆင်ကစားမှုကလည်း အတ္တလန္တာအသင်း ခံစစ်နှင့် ဂိုးသမားတို့ကို အခက်တွေ့စေခဲ့သည်။

ပွဲချိန် ၂၇ မိနစ်တွင် လာဇီယိုအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး ဒေလီဘတ်ရီရှာက သွင်းယူပေးခဲ့သည်။ ထို့နောက် အတ္တလန္တာအသင်းက ချေပဂိုးရရှိရေး ကြိုးစားလာခဲ့သော်လည်း ပြိုင်ဘက်အသင်းခံစစ်နှင့် ဂိုးသမားတို့ အကောင်းဆုံးဟန့်တားကာကွယ်ထားနိုင်သည့်အတွက် မိနစ် ၈၀ ကျော်အထိ သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။ ပွဲချိန် ၈၈ မိနစ်တွင် အတ္တလန္တာအသင်း ချေပဂိုးရရှိခဲ့ပြီး ဘရက်စီယာနီနီက သွင်းယူပေးခဲ့သည်။

အတ္တလန္တာအသင်းသည် ယခုပွဲစဉ် သရေကျခဲ့သည့်အတွက် စီးရီးအေ ၁၈ ပွဲကစားပြီး ရမှတ် ၄၁ မှတ်ဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ယခုနှစ်ရာသီ စီးရီးအေပြိုင်ပွဲတွင် ဒုတိယမြောက် သရေပွဲနှင့် ကြုံတွေ့ခဲ့ရသော လာဇီယိုအသင်းက ရမှတ် ၃၅ မှတ်ဖြင့် အဆင့် (၄) တွင် ရပ်တည်နေသည်။

**အောင်ဇော်**

## တောင်ကိုရီးယားလေယာဉ်ပျက်ကျမှု သေဆုံးသူ ၁၇၉ ဦး ရှိလာ



**ဆိုးလ် ဒီဇင်ဘာ ၂၉**

တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်း လေဆိပ်၌ လေယာဉ်ပျက်ကျမှုကြောင့် သေဆုံးသူဦးရေမှာ ၁၇၉ ဦး ရှိလာပြီဟု မီးသတ်အာဏာပိုင်များက ပြောသည်။ အဆိုပါလေယာဉ်ပေါ်တွင် ခရီးသည် ၁၇၅ ဦးနှင့် လေယာဉ်အမှုထမ်းခြောက်ဦး လိုက်ပါလာကြောင်း အစိုးရအရာရှိများက ပြောသည်။

တောင်ကိုရီးယား တန်ဖိုးနည်းလေကြောင်းလိုင်းဖြစ်သည့် ဂျယ်ဂျူလေကြောင်းလိုင်းမှ အဆိုပါလေယာဉ်သည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၉ နာရီက မူအန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆင်းသက်စဉ် ပျက်ကျမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ လေယာဉ်ပေါ်ရှိ ခရီးသည် ၁၇၃ ဦးမှာ တောင်ကိုရီးယားနိုင်ငံသားများဖြစ်ပြီး နှစ်ဦးမှာ ထိုင်းနိုင်ငံသားဖြစ်သည်ဟု သိရသည်။

လေယာဉ်၏အဆင်းဂီယာမှာ အလုပ်မလုပ်သည့်အတွက် လေယာဉ်မှူးများသည် ဝမ်းဗိုက်ပိုင်းဖြင့် ဆင်းသက်ရန်ကြိုးပမ်းခဲ့ကြသည်။ ငှက်များကို ဝင်တိုက်မိခြင်းကြောင့်လည်း လေယာဉ်မတော်တဆမှုဖြစ်ရပ် ဖြစ်ပွားရခြင်းဖြစ်နိုင်ကြောင်း အာဏာပိုင်များက ပြောသည်။

ဂျယ်ဂျူလေကြောင်းလိုင်းမှ စီအီးအို ကင်အီဘေးကလည်း လေယာဉ်ပျက်ကျမှုအတွက် သတင်းစာရှင်းလင်းပွဲတွင် တောင်းပန်ခဲ့သည်။ ခရီးသည်များနှင့် ကျန်ရစ်သူမိသားစုဝင်များအတွက် အလေးနက်ထား တောင်းပန်ကြောင်း ကင်အီဘေးက ပြောသည်။

ယခုအချိန်တွင် လေယာဉ်ပျက်ကျမှုဖြစ်ပွားရသည့်အကြောင်းရင်းကို ခန့်မှန်းရန်ခက်ခဲကြောင်းနှင့် အစိုးရ၏ စုံစမ်းစစ်ဆေးမှု တွေ့ရှိချက်များကို စောင့်ဆိုင်းရန်လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ခရီးသည်များ၏ မိသားစုများကို ပံ့ပိုးမှုများ ပေးသွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

လေယာဉ်မတော်တဆမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို အစိုးရနှင့်ပူးပေါင်းကာ အစွမ်းကုန်စုံစမ်းသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်တို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွား

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၂၉**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခီဘာပတ်ခ်တွန်းခွာပြည်နယ်ရှိ စစ်ဆေးရေးဂိတ်တစ်ခု၌ ဒီဇင်ဘာ ၂၈ ရက်က အာဖဂန်နစ္စတန် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်တို့ အပြန်အလှန်ပစ်ခတ်မှုဖြစ်ပွားရာ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ပါကစ္စတန်-အာဖဂန်နစ္စတန် နယ်စပ်တစ်လျှောက် အပ်ပါးခူးရမ်ခရိုင်ရှိ စစ်ဆေးစခန်းတစ်ခု၌ ဒေသစံတော်ချိန် နံနက် ၁၀ နာရီဝန်းကျင်တွင် နှစ်ဖက်ပဋိပက္ခဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး လက်နက်ကြီးနှင့် အပေါ့စားလက်နက်များ ပါဝင်ကြောင်း သတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောသည်။



ပါကစ္စတန်အာဏာပိုင်များက ပဋိပက္ခဖြစ်ပွားမှုနှင့်ပတ်သက်ပြီး တရားဝင်ကြေညာချက် ထုတ်ပြန်ထားခြင်းမရှိသေးပေ။ နယ်စပ်ဖြတ်ကျော်ဂိတ်၌ အာဖဂန်နှင့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်တို့အကြား ပဋိပက္ခဖြစ်ပွားမှုတွင် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၉ ဦး သေဆုံးကြောင်း အာဖဂန်အိမ်စောင့်အစိုးရ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနကို ကိုးကားပြီး အာဖဂန်နစ္စတန် မီဒီယာများက ဆိုသည်။

ဒီဇင်ဘာ ၂၄ ရက် ညပိုင်းက အာဖဂန်နစ္စတန်နိုင်ငံ ပွါ်ခ်တီကာပြည်နယ်တွင် ပါကစ္စတန်၏ လေကြောင်း တိုက်ခိုက်မှုများကြောင့် လူပေါင်း ၅၁ ဦး သေဆုံးမှုဖြစ်ပွားပြီးနောက် အဆိုပါ ပဋိပက္ခဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

## အာဖဂန်နစ္စတန်၌ နေရပ်ပြန်လာသူများအတွက် ပံ့ပိုးငွေအမေရိကန်ဒေါ်လာ ၉ ဒသမ ၄ သန်း ရရှိမည်

**ကဘူးလ် ဒီဇင်ဘာ ၂၉**

အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ပြန်လာသည့် ထောင်ပေါင်းများစွာသော နေရပ်ပြန်များအတွက် အကူအညီပေးရေး အေဂျင်စီများထံမှ အမေရိကန်ဒေါ်လာ ၉ ဒသမ ၄ သန်း ပံ့ပိုးငွေရရှိမည်ဟု အာဖဂန်အစိုးရ၏ ဒုက္ခသည်များနှင့် နေရပ်ပြန်လည်လက်ခံရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အာဖဂန်ဝန်ကြီးဌာနသည် အကူအညီပေးရေး အေဂျင်စီများနှင့် နားလည်မှုစာချွန်လွှာသုံးခု လက်မှတ်ရေးထိုးခဲ့ပြီး ပြည်နယ်ငါးခု၌ မိသားစုပေါင်း ၁၃၆၁၀ ကို အကျိုးဖြစ်ထွန်းစေမည့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို အကောင်ထည်ဖော်ဆောင်ရွက်သွားမည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လွန်ခဲ့သည့် ရှစ်လအတွင်း ပါကစ္စတန်၊ အီရန်နှင့် တူကီယဲနိုင်ငံတို့မှ နေရပ်ပြန်လာသည့် အာဖဂန်ဒုက္ခသည်ပေါင်း တစ်သန်းခန့်ရှိသည်ဟု ဝန်ကြီးဌာနက ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်းရင်းနှီးမြှုပ်နှံပြီး အလုပ်အကိုင်များ ဖန်တီးပေးရန် ပြည်တွင်းပြည်ပအသိုင်းအဝိုင်းများကို အာဖဂန်အစိုးရက တောင်းဆိုခဲ့သည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံအရှေ့ပိုင်းမှ မြောက်ပိုင်းအထိ ဆီးနှင်းများ ထူထပ်စွာကျဆင်း

**တိုကျို ဒီဇင်ဘာ ၂၉**

ဆောင်းရာသီလေဖိအားပုံစံနှင့် လေအေးထုများသည် အဓိကအားဖြင့် ဂျပန်ပင်လယ်ပြင်တစ်လျှောက် တောင်ထူထပ်သည့် ဒေသများတွင် ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းအထိ ဆီးနှင်းထူထပ်စွာ ကျဆင်းမည်ဟု ခန့်မှန်းထားသည်။

### ဆီးနှင်းကျဆင်းမှု ၁၈ စင်တီမီတာရှိခဲ့

ဆောင်းရာသီလေဖိအားပုံစံသည် ဂျပန်နိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် ဆီးနှင်းထူထပ်စွာ ကျဆင်းခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။ ဒီဇင်ဘာ ၂၉ ရက် နံနက်အစောပိုင်းတွင် အာအိုးမိုရီနှင့် ကုဇုယူခရိုင်ရှိ ဝါကီနိုဆာဝါနှင့် မတ်စုမြို့တို့တွင် ဆီးနှင်းကျဆင်းမှု ၁၈ စင်တီမီတာရှိခဲ့ကြောင်း သိရသည်။

### နှစ်ကုန်ခရီးသွားကာလနှင့် တိုက်ဆိုင်နေ

ဆိုးရွားသောရာသီဥတုသည် နှစ်ကုန်ခရီးသွားကာလနှင့် တိုက်ဆိုင်နေသောကြောင့် ပြည်သူများအား ယာဉ်ကြောပိတ်ဆို့မှုများကို မျက်ခြည်မပြတ်စောင့်ကြည့်ကြရန် တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေးကာကွယ်ရေးတပ်ဖွဲ့က ဂါဇာမြောက်ပိုင်း ဆေးရုံကြီးရှိ စစ်သွေးကြွ ၂၄၀ ကျော် ဖမ်းဆီး

**ဂျေရုဆလင် ဒီဇင်ဘာ ၂၉**

ဂါဇာမြောက်ပိုင်းရှိ ခါမယ် အက်ဝမ်ဆေးရုံအတွင်း တည်ရှိသည့် ဟားမားစ်ကွပ်ကဲမှု စင်တာကို ပစ်မှတ်ထားပြီး စစ်ဆင်ရေးပြုလုပ်ရာ ဟားမားစ်နှင့်အစ္စလာမ့်မ်စ်အဖွဲ့ဝင် ၂၄၀ ကျော်ကို ဖမ်းဆီးခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်) က ဒီဇင်ဘာ ၂၈ ရက်က ပြောကြားသည်။

ဖမ်းဆီးရမိသူ အချို့မှာ လူနာတင်ယာဉ်များပေါ်၌ လူနာများအဖြစ် အယောင်ဆောင်ရန် ကြိုးပမ်းခဲ့ပြီး ၎င်းတို့ထဲတွင် ဟားမားစ်အဖွဲ့ထဲတွင် ပါဝင်ပတ်သက်သည့်ဟု အိုင်ဒီအက်ဖ်က သံသယရှိသည့် ဆေးရုံ၏ ညွှန်ကြားရေးမှူးချုပ် ဟူဆမ်အဘူဆာဖီယာ ပါဝင်ကြောင်း အိုင်ဒီအက်ဖ်က ထုတ်ပြန်ထားသည်။

ယင်းစစ်ဆင်ရေးအတွင်း ဆေးရုံအတွင်းမှဗုံးများ၊ သေနတ်များနှင့် အခြားစစ်လက်နက်ပစ္စည်းများအပါအဝင် လက်နက်အမျိုးမျိုးကို သိမ်းဆည်းရမိကြောင်း အိုင်ဒီအက်ဖ်က ပြောကြားသည်။

အိုင်ဒီအက်ဖ်သည် စစ်ဆင်ရေးမပြုလုပ်မီ ဆေးရုံမှ ပြုစုစောင့်ရှောက်သူ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာ ၃၅၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း အိုင်ဒီအက်ဖ်က အလေးထားပြောကြားသည်။



အစ္စရေးတပ်မတော်က ခါမယ် အက်ဝမ်ဆေးရုံမှ အဘူဆာဖီယာအပါအဝင် ဒါဇင်နှင့်ချီသည့် ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများကို ဖမ်းဆီးထိန်းသိမ်းထားပြီး စစ်ကြောရေးစင်တာသို့ ခေါ်ဆောင်သွားကြောင်း ဂါဇာကျန်းမာရေး အာဏာပိုင်များက ဒီဇင်ဘာ ၂၈ ရက်က ပြောကြားသည်။

ခါမယ် အက်ဝမ်ဆေးရုံသည် ဂါဇာမြောက်ပိုင်း၌ အကြီးဆုံး ဆေးဘက်ဆိုင်ရာ အဆောက်အအုံဖြစ်ပြီး ပဋိပက္ခများ မဖြစ်ပွားမီက လူပေါင်း ၄၀၀၀၀ ကျော်ကို ဝန်ဆောင်မှုပေးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ယခုနှစ်အတွင်း ကလေးခြောက်ဦးလျှင် တစ်ဦးနှုန်းမှာ ပဋိပက္ခဇုန်၌ နေထိုင်နေရ

**နွယ်နီလင်း**



ဂါဇာကမ်းမြောင်ဒေသ ဂျာဘာလီယာဒုက္ခသည်စခန်း၌ ၂၀၂၃ ခုနှစ် နိုဝင်ဘာလအတွင်း အစ္စရေးတိုက်ခိုက်မှုပြီးနောက် ပါလက်စတိုင်းတို့က အသက်ရှင်ကျန်သူများကို ရှာဖွေနေစဉ်။

**ယခုနှစ်အတွင်း ပဋိပက္ခကြောင့် မိမိတို့နေအိမ်မှ အတင်းအကျပ်ပြောင်းရွှေ့နေရသည့် ကလေးဦးရေမှာ ယခင်ကထက် ပိုမိုများပြားလာလျက်ရှိသည်။ ကမ္ဘာတစ်ဝန်း ကလေးခြောက်ဦးလျှင် တစ်ဦးနှုန်း (သို့မဟုတ်) ကလေး ၄၇၃ သန်းခန့်မှာ ပဋိပက္ခဖြစ်ပွားနေသည့်ဒေသများအတွင်း နေထိုင်ကြရသည်ဟု ကုလသမဂ္ဂကလေးများအေဂျင်စီက ခန့်မှန်းထားသည်။**

ဂါဇာ၊ ဆူဒန်အပါအဝင် ကမ္ဘာတစ်ဝန်းပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေချိန်တွင် ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ၏ ထုတ်ပြန်ချက်သည် ဒီဇင်ဘာ ၂၈ ရက်တွင် ပေါ်ပေါက်လာခဲ့သည်။

**ကလေး ၁၇၄၉၂ ဦးထက် မနည်းသေဆုံး**

အထူးသဖြင့် ဂါဇာကမ်းမြောင်ဒေသတွင် ၁၅ လကြာ ပဋိပက္ခများအတွင်း အစ္စရေး-ပါလက်စတိုင်းပဋိပက္ခကြောင့် ကလေး ၁၇၄၉၂ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

၂၀၂၄ ခုနှစ်သည် ထိခိုက်ခံစားရသည့် ကလေးများအရေးအတွက်နှင့် ၎င်းတို့၏ဘဝအပေါ်သက်ရောက်မှုအဆင့် နှစ်ခုစလုံးမှာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့၏ သမိုင်းကြောင်းတွင် ပဋိပက္ခများဖြစ်ပွားနေသည့် ကလေးများအတွက် အဆိုးရွားဆုံးနှစ်များထဲမှ တစ်ခုဖြစ်သည်ဟု ယူနီဆက်ဖ်၏ အမှုဆောင်ဒါရိုက်တာ ကက်သရင်း ရပ်ဆယ်လ်က ဆိုသည်။

ပဋိပက္ခဇုန်အတွင်း ကြီးပြင်းလာရသည့် ကလေးတစ်ဦးသည် ပဋိပက္ခမရှိသည့် နေရာများတွင်နေထိုင်ရသည့် ကလေးများနှင့် နှိုင်းယှဉ်ပါက ကျောင်းထွက်ရခြင်း၊ အာဟာရချို့တဲ့ခြင်း စသည်တို့ ခံရနိုင်ခြေပိုများသည်ဟု ရပ်ဆယ်လ်က ဆိုသည်။

"ကျွန်ုပ်တို့က ကမ္ဘာ့အဟန့်အတားမဲ့ စစ်ပွဲတွေမှာ ကလေးတွေရဲ့ မျိုးဆက်တွေကို ထိခိုက်ပျက်စီးနစ်နာမှုအတွက် ခွင့်မပြုနိုင်ဘူး" ဟု ၎င်းက ဆက်ပြောသည်။

ပဋိပက္ခဖြစ်ပွားရာ ဇုန်အတွင်းနေထိုင်သည့် ကလေးများ၏ ပမာဏသည် ၁၉၉၀ ပြည့်နှစ်က ၁၀ ရာခိုင်နှုန်းခန့်ရှိရာမှ ယခုအခါ ၁၉ ရာခိုင်နှုန်းနီးပါးအထိ နှစ်ဆနီးပါးတိုးလာသည်ဟု ယူနီဆက်ဖ်က ဆိုသည်။

၂၀၂၃ ခုနှစ် နှစ်ကုန်အထိ ပဋိပက္ခနှင့် အကြမ်းဖက်မှုများကြောင့် ကလေး ၄၇ ဒသမ ၂ သန်းမှာ နေရပ်စွန့်ခွာခဲ့ရသည်ဟု ထုတ်ပြန်ချက်အရ သိရသည်။

ဟေတီ၊ လက်ဘနွန်၊ ပါလက်စတိုင်းနယ်မြေနှင့် ဆူဒန်နိုင်ငံအပါအဝင် ပဋိပက္ခများ အရှိန်မြင့်လာသည့်အတွက် ၂၀၂၄ ခုနှစ်သည် ရွှေ့ပြောင်းနေထိုင်မှုများ ပိုမိုတိုးလာခြင်းဖြစ်သည်ဟု သိရသည်။

ဆက်လက်ပြီး ၂၀၂၃ ခုနှစ် နောက်ဆုံးရ အချက်အလက်များအရ ကလေး ၂၂၅၅၇ ဦးအပေါ် ပြင်းထန်စွာ ချိုးဖောက်မှုပေါင်း ၃၂၉၉၀ ကို ကုလသမဂ္ဂက စိစစ်အတည်ပြုနိုင်ခဲ့သည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကြီးကြပ်ကွပ်ကဲမှု စတင်ချိန်မှစကာ ယင်းပမာဏမှာ အမြင့်ဆုံးအရေအတွက်ဖြစ်သည်ဟု ယူနီဆက်ဖ်က ဆိုသည်။



ဂါဇာကမ်းမြောင်ဒေသ ခန်းယူနစ်ရှိ ယာယီစခန်းအတွင်း ကလေးငယ်ကို တွေ့ရစဉ်။

- **၂၀၂၄ ခုနှစ်သည် ထိခိုက်ခံစားရသည့် ကလေးများအရေးအတွက်နှင့် ၎င်းတို့၏ဘဝအပေါ်သက်ရောက်မှုအဆင့် နှစ်ခုစလုံးမှာ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာ ကလေးများရန်ပုံငွေအဖွဲ့၏ သမိုင်းကြောင်းတွင် ပဋိပက္ခများဖြစ်ပွားနေသည့် ကလေးများအတွက် အဆိုးရွားဆုံးနှစ်များထဲမှ တစ်ခုဖြစ်သည်ဟု ယူနီဆက်ဖ်၏ အမှုဆောင်ဒါရိုက်တာ ကက်သရင်း ရပ်ဆယ်လ်ကဆို**
- **ဂါဇာကမ်းမြောင်ဒေသရှိ ကလေးများသည် အအေးမိခြင်း၊ နာမကျန်းဖြစ်ခြင်းနှင့် စိတ်ဒဏ်ရာများရကြသည်ဟု ဘော်လန်းက ဆို**

ဂါဇာကမ်းမြောင်ဒေသ၌ ကလေးများသေဆုံးမှုနှင့်ဒဏ်ရာရရှိမှုများမှာ နောက်ထပ်လည်း တိုးလာနိုင်ဖွယ်ရှိသည်။

**စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးပိုမိုထိခိုက်စေ**

ထို့ပြင် ကလေးများအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတိုးလာခြင်း၊ ကလေးများ၏ ပညာရေးကို ထိခိုက်ခြင်း၊ ကလေးများ၏ အာဟာရချို့တဲ့မှုနှုန်းတိုးလာခြင်းနှင့် လက်နက်ကိုင်ပဋိပက္ခများသည် ကလေးများ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကို ပိုမိုထိခိုက်စေသည်ဟု ယူနီဆက်ဖ်က ဆက်လက်ပြောသည်။

မိမိတို့အနေဖြင့် ၂၀၂၅ ခုနှစ်ကို ကြည့်ရှုသည့်အခါ ခေတ်ရေစီးကြောင်းကို ပြောင်းလဲရန်နှင့် ကလေးများ၏ဘဝကို ကယ်တင်ပြီး ပိုမိုတိုးတက်စေရန် လုပ်ဆောင်ရမည်ဟု ရပ်ဆယ်လ်က ဆက်ပြောသည်။

ဆက်လက်ပြီး ပြီးခဲ့သည့်နှစ်က ဂါဇာ၌ တစ်နှစ်ကျော်အတွင်းဖြစ်ပွားခဲ့သည့် အစ္စရေး - ပါလက်စတိုင်း ပဋိပက္ခအတွင်း အစ္စရေးတပ်ဖွဲ့၏ တိုက်ခိုက်မှုကြောင့် ကလေးများနှင့် အမျိုးသမီးများစွာ သေဆုံးခဲ့ရသည်။ ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခများသည် ကလေးများအတွက် အိပ်မက်ဆိုးတစ်ခုဖြစ်လာခဲ့သည်ဟု ယူနီဆက်ဖ်ဆက်သွယ်ရေးကျွမ်းကျင်သူ ရိုဆာလီဘော်လန်းက ပြီးခဲ့သည့် သီတင်းပတ်က မီဒီယာတွေ့ဆုံပွဲတွင် ပြောသည်။

ဂါဇာကမ်းမြောင်ဒေသရှိ ကလေးများသည် အအေးမိခြင်း၊ နာမကျန်းဖြစ်ခြင်းနှင့် စိတ်ဒဏ်ရာများရကြသည်ဟု ဘော်လန်းက ဒီဇင်ဘာ ၂၇ ရက်တွင် ဆိုသည်။

ဂါဇာရှိ အမျိုးသမီးနှင့် ကလေး ၉၆ ရာခိုင်နှုန်းခန့်မှာ ၎င်းတို့၏ အခြေခံအာဟာရလိုအပ်ချက်များ မဖြည့်ဆည်းပေးနိုင်ဘဲ ကမ်းမြောင်ရှိ ကလေးများထံသို့ အကူအညီအထောက်အပံ့များ လက်လှမ်းမမီနိုင်သည့်အတွက် ဝမ်းနည်းမိကြောင်း ၎င်းက ဆိုသည်။

ဂါဇာကမ်းမြောင်ဒေသသည် လူသားချင်းစာနာထောက်ထားမှုအတွက် ကမ္ဘာပေါ်တွင် ကြေကွဲဖွယ်အကောင်းဆုံးနေရာများထဲမှ တစ်ခုဖြစ်ပြီး ၁၄ လကျော်ကြာ ကလေးများသည် ယင်းအိပ်မက်ဆိုးများ၏ အစွန်းစွန်းတွင် ရှိနေကြသည်။ ထို့ပြင် ကလေးအမြောက်အမြားမှာ ဆောင်းရာသီဝတ်အနွေးထည်များမရှိဘဲ စားနပ်ရိက္ခာများအတွက်လည်း အမှိုက်များမှတစ်ဆင့် ရှာဖွေဖြေရှင်းနေရပြီး ရောဂါများဖြစ်ပွားနေသည်ဟု ဘော်လန်းက ဆိုသည်။ ။

ကိုးကား - ALJAZEERA

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘော ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၉

**(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကျင်းပသော အမျိုးသားတံခွန်စိုက် 5 x 5 အလွတ်တန်း အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲနှင့် 3 x 3 (U-20) ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက သဃ်န်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။**



ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် နာယကနှင့် တာဝန်ရှိသူများသည် Sam Par Oo အသင်းနှင့် Z&D အသင်းတို့၏ ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ ပွဲအပြီးတွင် Z&D အသင်းက အနိုင်ရရှိသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နာယကနှင့် အဖွဲ့ချုပ်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဝန်ကြီးချုပ်တို့က ပြိုင်ပွဲများတွင် ဆုရရှိသည့် အသင်းများမှ အားကစားသမားများ၊ အကောင်းဆုံး အားကစားသမားဆုရရှိကြသူများအား တစ်ဦးချင်းဆုတံဆိပ်များ၊ ဂုဏ်ပြုချီးမြှင့်ငွေများ၊ တံခွန်စိုက်ဆုဖလားများအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်းနှင့် အဆိုပါပြိုင်ပွဲကို ဒီဇင်ဘာ ၂၁ ရက်မှ ၂၈ အထိ ကျင်းပခဲ့ပြီး တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား၊ အမျိုးသမီး အသင်းပေါင်း ၁၈၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **ဆန်းကျော်ဦး(ပြန်/ဆက်)**

# အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ အနုပညာရှင်စစ်သည်၊ စစ်သမီးများ သီဆိုကပြဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုငွေများပေးအပ်

**မော်လမြိုင် ဒီဇင်ဘာ ၂၉**

အရှေ့တောင်တိုင်းစစ်ဌာနချုပ်ရှိ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား မိသားစုဝင်များအား စိတ်အပန်းဖြေ ပျော်ရွှင်စေရေးအတွက် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး အမှတ်(၄) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ လာရောက်ကပြဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၈ ရက် ညပိုင်းက မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် အောင်ဆန်းခန်းမ၌ ကပြဖျော်ဖြေခဲ့သည်။



အဆိုပါကပြဖျော်ဖြေပွဲတွင် အမှတ်(၄) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ အနုပညာရှင်စစ်သည်၊ စစ်သမီးများတို့က သီဆိုကပြမှုဖျော်ဖြေရေးအစီအစဉ်များနှင့် တစ်ခန်းရပ်ဟာသပြဇာတ် အစီအစဉ်များစွာဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်၊ ပြည်နယ်ဝန်ကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မိသားစုဝင်များ၊ ဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များက ကြည့်ရှုအားပေး၍ ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် ဆင်ဖြူစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာစာရ မဟာထေရ်မြတ်၏ သက်တော်(၇၃)နှစ်ပြည့် ဝိဇာတမွေးနေ့ အလှူတော်မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ဆင်ဖြူစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တခေမာစာရ မဟာထေရ်မြတ်ထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်ထံမှအန္တရာယ်ကင်းပရိတ်တရားတော်များ နာယူကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ သွားကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွားတုများတပ်ဆင်ပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးခြင်းများပြုလုပ်



**ပဲခူး ဒီဇင်ဘာ ၂၉**

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ညွှန်ကြားမှုဖြင့် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီး အောင်သုခဆေးကုသဆောင်၌ ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ပေးခြင်း၊ သွားတုပြုလုပ်တပ်ဆင်ပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးခြင်းများ ပြုလုပ်လျက်ရှိသည်။

အဆိုပါ သွားတုများ တပ်ခြင်းပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးခြင်းပြုလုပ်နေမှုကို ပဲခူးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဇော်မင်းထွန်း၊ ပဲခူးဆေးရုံအုပ်ကြီး ဒေါက်တာဇော်လွင်တို့က သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေး စစ်ဆေးပေးနေခြင်းကို ကြည့်ရှုပြီး သွားတုများ တပ်ဆင်ပေးခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် အဖွဲ့သည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးနေမှုကို ကြည့်ရှုပြီး ခွဲစိတ်ပြီးလူနာများနှင့် ခွဲစိတ်မည့်လူနာများအား အားပေးစကားပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့၏ ညွှန်ကြားမှုဖြင့် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် သက်ကြီးဘိုးဘွားများအား သွားကျန်းမာရေးစစ်ပေးခြင်း၊ သွားတုပြုလုပ်တပ်ပေးခြင်းနှင့် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ခွဲစိတ်ကုသပေးခြင်းကို ဒီဇင်ဘာ ၂၆ ရက်မှ ဇန်နဝါရီ ၁ ရက်အထိ ကုသပေးမည်ဖြစ်ပြီး သွားတုတပ်ဆင်ပေးခြင်းကို ပဲခူးတိုင်းဒေသကြီး(အရှေ့) မြို့နယ် ၁၄ မြို့နယ်မှ သက်ကြီးဘိုးဘွား ၇၁ ဦးအားလည်းကောင်း၊ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသပေးခြင်းကို တစ်နေ့လျှင် လူနာ ၂၀ နှုန်းဖြင့်လည်းကောင်း ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန သွားနှင့်ခံတွင်းဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာခင်မောင်ဦးဆောင်သည့် သွားဆရာဝန်များ၊ သွားတုပညာရှင်များက စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ကြပြီး ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း)အတွက် ပြည်မြို့အထွေထွေရောဂါကုဆေးရုံကြီး၌ ဆက်လက်ကုသပေးခြင်းများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **သက်ထက်**

# ချမ်းမြရွှေပြည် ယာယီကားကြီးကွင်း၌ မီးငြိမ်းသတ်ခြင်း လက်တွေ့သရုပ်ပြသ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ချမ်းမြရွှေပြည်ယာယီကားကြီးကွင်း၌ ဒီဇင်ဘာ ၂၉ ရက်က ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးက ကားကြီးကွင်းအတွင်းနေထိုင်ကြသူများ၊ ကားဂိတ်နှင့် ထမင်းဆိုင် အစရှိသည်တို့တွင် အလုပ်လုပ်ကိုင်ကြသူ ၂၀၀ ကျော်ကို မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်း၊ သရုပ်ပြသခြင်း၊ လက်ကမ်းစာစောင်ပေးဝေခြင်း၊ တက်ရောက်လာသူများအား လက်တွေ့မီးငြိမ်းသတ်စေခြင်း၊ ခရီးသည်နားနေဆောင်အဆောက်အအုံနှင့် ကားမီးလောင်မှုဖြစ်ပွားခြင်းအား မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီးမီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးငွေဝင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးကျော်ကိုကို၊ မြို့နယ်မီးသတ်ဦးစီးမှူးများ၊ သန္ဓေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်ကြီးတံခွန်မြို့နယ်ရှိ ပရဟိတအသင်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။ ၂၂၂



အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ

# မြစ်ကြီးနားဂေါက်ကလပ်၏ ကောက်သစ်စားပွဲနှင့် ခရစ္စမတ်ပွဲအထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဆုရရှိသူများကို ဆုချီးမြှင့်



မြစ်ကြီးနား ဒီဇင်ဘာ ၂၉

**မြစ်ကြီးနားဂေါက်ကလပ်က ကြီးမှူး၍ ကောက်သစ်စားပွဲနှင့် ခရစ္စမတ်ပွဲတော်အထိမ်းအမှတ်အဖြစ် ကျင်းပပြုလုပ်ခဲ့သော ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် ညနေ ၅ နာရီတွင် မြစ်ကြီးနားဂေါက်ကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ တက်ရောက်သည်။**

အဆိုပါ ဂေါက်သီးရိုက်ပြိုင်ပွဲကို ပြည်နယ်အတွင်းရှိ ဂေါက်သီးရိုက်ကစားသမားပေါင်း ၁၃၅ ဦးတို့က အသင်းပေါင်း ၂၅ သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ဆုချီးမြှင့်ပွဲတွင် ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးယော်နန်က ကြိုဆိုနှုတ်ခွန်းဆက်စကားကိုတင်ပြပြီး ဂေါက်သီးရိုက်ပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီအဖွဲ့ဝင်များက အခမ်းအနားတက်ရောက်လာသူများအား ခရစ္စမတ်လက်ဆောင်များ ဂါဝရပြုပေးအပ်ချီးမြှင့်ခြင်းနှင့် ပြိုင်ပွဲများအလိုက် အထူးဆုရရှိသူများ၊ သက်ကြီးတန်းဆုရရှိသူများနှင့် အမျိုးသမီးဆုရရှိသူများကိုလည်းကောင်း၊ ငွေအဆင့်နှင့် ကြေးအဆင့်ရရှိသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်က ရွှေအဆင့် အကြောမဲ့ဆုရရှိသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ခရီးသွားများကိုယ်တိုင် လယ်ယာထွန်ယက်စိုက်ပျိုးအပန်းဖြေနိုင်မည့် KawtMa Yan Resort View Point နေရာ သွားရောက်ကြည့်ရှု

**ဘားအံ ဒီဇင်ဘာ ၂၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်း ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များကိုယ်တိုင် ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်မည့် စိုက်ပျိုးရေးကို အခြေခံသော ခရီးစဉ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နေသော KawtMa Yan Resort Co.Ltd ၏ KawtMa Yan Resort ပန္နက်တော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲက ဘားအံမြို့နယ် ကော့မရမ်းကျေးရွာ ကော့ကျိုက်-တော်ပုံကားလမ်းမကြီးဘေး၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။



ဦးစွာ KawtMa Yan Resort Co.Ltd Managing Director က KawtMa Yan Resort စိုက်ပျိုးရေးကိုအခြေခံသည့် ခရီးသွားလုပ်ငန်းအကြောင်း ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်၏ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ခရီးသွားကဏ္ဍနှင့် ဆက်စပ်နေသည့် ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များအားလုံး ပူးပေါင်းကာ စွမ်းဆောင်ကြိုးပမ်းသွားကြရန် တိုက်တွန်းပြောကြားသည်။

ကရင်ပြည်နယ်သည် သဘာဝတောတောင် ရေတံခွန်ရှုခင်းများ၊ ရိုးရာယဉ်ကျေးမှုပွဲတော်များ၊ တိုင်းရင်းသားတို့၏ ချစ်စဖွယ်လူနေမှုဓလေ့များ၊ သွားလာလည်ပတ်စရာ နေရာဒေသပေါများစွာ တည်ရှိခြင်းနှင့် တည်းခိုနေထိုင်စရာနေရာအလုံအလောက်ရှိခြင်းတို့ကြောင့် နှစ်စဉ်ခရီးသွားဧည့်သည် ဝင်ရောက်မှု တိုးတက်လျက်ရှိပြီး ယခုအသစ်ထပ်မံ တည်ဆောက်မည့် စိုက်ပျိုးရေးကိုအခြေခံသော ခရီးသွားလုပ်ငန်း KawtMa Yan Resort ကို ရင်းနှီးမြှုပ်နှံမှုပမာဏ ငွေကျပ် ၅ ဒသမ ၉ ဘီလီယံဖြင့် မြေဧရိယာ ၃ ဒသမ ၃၀ ဧကအနက်မှ ၀ ဒသမ ၉၀ ဧကကို အိပ်ခန်းပေါင်း ၃၀ ပါဝင်သော Resort အဖြစ် တည်ဆောက်သွားမည်ဖြစ်ကာ ဒေသခံပြည်သူ ၆၀ ကို အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေ၍ ခရီးသွားဧည့်သည်များအနေဖြင့် ကိုယ်တိုင်လယ်ယာထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်း၊ စပါးခင်းများအကြား အပန်းဖြေအနားယူခြင်းတို့အပြင် ခြေလျင်တောင်တက်ခြင်း၊ စက်ဘီးစီးခြင်း၊ လှေလှော်ခြင်းခရီးစဉ်များပါရှိကြောင်း သိရသည်။

အဆိုပါ စိုက်ပျိုးရေးကိုအခြေခံသည့် ခရီးသွားလုပ်ငန်း KawtMa Yan Resort ကို ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက မင်္ဂလာပန္နက်ရိုက်၍ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြပြီး KawtMa Yan Resort View Point နေရာအား သွားရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မြဝတီမြို့၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကျင်းပ

**မြဝတီ ဒီဇင်ဘာ ၂၉**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကရင်ပြည်နယ် မြဝတီမြို့ မြို့မကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၏ အားကစားပြိုင်ပွဲများကို ယနေ့နံနက် ၈ နာရီက အမှတ်(၄)ရပ်ကွက် တရုတ်ဘုံကျောင်း၌ ကျင်းပသည်။



ဦးစွာ ဖိတ်ကြားထားသော ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဧည့်သည်တော်များ၊ ဆရာ ဆရာမများနှင့် သားငယ် သမီးငယ်များက နိုင်ငံတော်အလံ အလေးပြုခြင်းဆောင်ရွက်ပြီး အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ သားငယ် သမီးငယ်များက ထာဝရမြန်မာ တေးသီချင်း၊ တိုင်းရင်းသား အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ပေးသည်။

ထို့နောက် မြဝတီမြို့နယ် Old Star ဘောလုံးအသင်းဥက္ကဋ္ဌ ဦးကြည်စိုးက ပြိုင်ပွဲစည်းကမ်းများ၊ အမှတ်ပေးစည်းမျဉ်းများ ရှင်းလင်းပြီး ပြိုင်ပွဲကို စတင်ခဲ့ရာ ကျောင်းသား ကျောင်းသူများက ဘောလုံးဒွန်းကိုက်၊ မုန့်စားပြိုင်ပွဲ၊ ရင်ဘတ်ဖြင့်ဘောလုံးသယ်၊ ဘောလုံးကောက်၊ လက်ဆင့်ကမ်း၊ ဘောလုံးပစ်ထည့်၊ ဂုန်နီအိတ်စွတ်ပြေး၊ ခြေပူးတွဲ၊ အပြေးပြိုင်နှင့် ခုံလုအားကစားနည်းများကို အဖွဲ့လိုက်ယှဉ်ပြိုင်ကစားခဲ့ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းနာယကကြီး ဦးသန်းရွှေနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက ဆုများချီးမြှင့်သွားမည်ဖြစ်သည်။

**ဇာဖြူဝင်း(မြဝတီ)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)နှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ဒီဇင်ဘာ ၂၇ ရက်က အင်းစိန် အ.ထ.က(၅) အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက အမှာစကားပြောကြားပြီး လွတ်လပ်ရေးနေ့အကြို စာပေဟောပြောပွဲတွင် စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ စာရေးဆရာ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ ပိန္နဲကုန်းရပ်ကွက် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စာရေးဆရာအတွင်းရေးမှူး ဦးတင်ဌေးအောင် (ရန်မိုးအောင်-အင်းစိန်)နှင့် စိန်ညိုမင်း (ထန်းတပင်)တို့က စိတ်ဝင်စားဖွယ် ဗဟုသုတရဖွယ် ဆွေးနွေးဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ တက်ရောက်လာကြသူများထဲမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့ကို မြို့နယ်(ပြန်/ဆက်)ဦးစီးဌာနက သတ်မှတ်ပေးသည့် စာအုပ်များထဲမှ အကြောင်းအရာစာပိုဒ်များကို စာဖတ်စွမ်းရည်ယှဉ်ပြိုင်ကြ၍ အမှတ်အများဆုံးရသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ကျောင်းစာကြည့်တိုက်အတွက် စာပေဥယျာဉ်အသင်း ဦးဘိုကြည်က သုတ၊ ရသစာအုပ်များနှင့် ပိန္နဲကုန်း စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင်ဌေးအောင်နှင့် အဖွဲ့ဝင်များက ဗဟုသုတရဖွယ် ရသစုံ စာအုပ် ၁၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ထွေးစိန်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ဉာဏ်လင်း**

## အသိပေးနှိုးဆော်ချက်

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို ၂-၁-၂၀၂၅ ရက်နေ့တွင် အစမ်းလေ့ကျင့်ခြင်း၊ ၄-၁-၂၀၂၅ ရက်နေ့ ၀၄:၂၀ အချိန်တွင် အလံတင်အခမ်းအနားနှင့် ၀၇:၀၀ အချိန်တွင် နိုင်ငံတော်အလံအလေးပြုပွဲနှင့် လွတ်လပ်ရေးနေ့သဝဏ်လွှာ ဖတ်ကြားခြင်းအခမ်းအနားအား ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အချိန်မှ ပြီးစီးသည့်အချိန်အထိ ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းတံတားအောက်မီးပွိုင့်တွင် ညာဘက်သို့ ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းသို့ ချိုးကွေ့၍ ခရေပင်လမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ဆက်လက်မောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်၊ လပွတ္တာမြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်လေးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၂၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Wish မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်း-ရွှေဘို အမှတ်(၃) ခရိုင်ချင်းဆက်လမ်းဆုံ၊ လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့စားသောက်ကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၈၉၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၈၉၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ ရန်ကုန်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးနှင့် မန္တလေးမြို့မှ တန့်ယန်းမြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၁၂၇၄၂၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျောက်ဆည်မြို့ မြို့ရှောင်လမ်းအနီး မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၇၀၀၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ ( ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၈၂၇၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၆၄၈ တန်၊ အခြားသစ် ၀ ဒသမ ၁၈၇ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၆၄၅၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအနီး၌ လိုင်စင်မဲ့ Dump Truck အမျိုးအစား မြေသယ်ယာဉ် ငါးစီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၉၇၃၆၆၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာရှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၂၅၃၇၈၅၂၀)ကိုလည်းကောင်း၊ ရွာသာကြီး Dry Port ၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးနှင့် သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၀၉၉၅၁၆) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၂၁၄၆၃၆ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၃၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၆၁၅၇၇၅၁၄ ကို ဖမ်းဆီးရမိခဲ့သည်။ ယနေ့ဖမ်းဆီးရမိမှုများတွင် လုပ်ငန်းသုံးပစ္စည်းများ ပြည်ပမှ တရားမဝင်တင်သွင်းလာမှုများကြောင့် သွင်းကုန်အစားထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်လာစေကာ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ပင်လောင်းမြို့နယ်အတွင်း ဘိန်းခင်းများဖျက်ဆီး

**ပင်လောင်း ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်အတွင်းရှိ စိုက်ပျိုးထားသည့် ဘိန်းခင်းများကို သက်ဆိုင်ရာအဖွဲ့တို့က ယမန်နေ့နံနက်ပိုင်းမှ စတင်၍ ဆက်လက်ဖျက်ဆီးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ဘိန်းခင်းဖျက်ဆီးရေးတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနိုင် ဦးစီးသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများ၊ မူးယစ်တပ်ဖွဲ့စု (၂၆)မှ ရဲမှူး ဝင်းထွန်း ဦးစီးမူးယစ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့တို့က လိန်းညားကျေးရွာအုပ်စု ဟန်းတညားကျေးရွာအရှေ့ဘက် နှစ်မိုင်ခန့်အကွာရှိ ဖူးပွင့်ဆဲ ဘိန်းခင်း ဧက ၄၀ ခန့်ကို မြက်ဖြတ်စက်များဖြင့် ဖျက်ဆီးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပင်လောင်းမြို့နယ်တွင် နိုဝင်ဘာ ၁၁ ရက်မှ စတင်ကာ ယမန်နေ့အထိ ဘိန်းစိုက်ခင်း စုစုပေါင်း ၁၂၁၅ ဧက ဖျက်ဆီးခဲ့ပြီး ကျန်ရှိသည့် ဘိန်းခင်းများကိုလည်း ဆက်လက်ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်ရဲတပ်ဖွဲ့**



## သာစည်နှင့် မြိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု လှိုင်းတက်ကျေးရွာအနီး၌ မြင့်ဇော်ဦး (ခ) မြင့်ဇော် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် သာစည်မြို့နယ် ကြပ်စခန်းကျေးရွာအုပ်စု ကြပ်စခန်းကျေးရွာတွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် မြိတ်မြို့ မြိတ်တောင်ရပ်ကွက် စက်ဝင်းရပ်ရှိ တင်ထွေး၏ နေအိမ်ကို သတင်းအရရှာဖွေရာ စိတ်ကြွဆေးပြား ၄၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## ပါဝါဘန့်နှင့်ဖုန်းတို့ အားသွင်းထားရာမှ အပူလွန်ကဲ၍မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ဒီဇင်ဘာ ၂၈ ရက် နံနက် ၂ နာရီ ၃၅ မိနစ်တွင် ချမ်းအေးသာစံမြို့နယ် ဟေမာဇလရပ်ကွက် ၂၆ လမ်းနှင့် ၂၇ လမ်းကြားရှိ ချစ်ညီညီ(၅၃)နှစ်၏ နေအိမ်၌ မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ ချမ်းအေးသာစံမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က မီးသတ်ယာဉ် နှစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးတို့ဖြင့် သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး ဖြစ်စဉ်အားစိစစ်ရာ ချစ်ညီညီသည် နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်းရှိ မွေ့ရာပေါ်တွင် မီးကြိုးခွေဖြင့် ပါဝါဘန့်နှင့် ဖုန်းတို့အား အားသွင်းထားရာမှ အပူလွန်ကဲ၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် အိပ်ခန်းအတွင်းရှိ အသုံးအဆောင်ပစ္စည်းများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့သောကြောင့် ချစ်ညီညီအား ချမ်းအေးသာစံ မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# ၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ(ပဥ္စမပတ်)စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

၂၀၂၄ ခုနှစ် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌ ကျင်းပလျက်ရှိရာ ဒီဇင်ဘာ (ပဥ္စမပတ်) စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို နယ်မြေခံစစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်းနှင့်တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌ လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ဧရာဝတီတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ် ဘောလုံးကွင်း၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမရှေ့၌လည်းကောင်း ကျင်းပကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ ပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက် ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





















## မုံရွာမြို့၌ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်း လောင်းလှူပွဲနှင့် သီလရှင်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**မုံရွာ ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှကြီးမှူး ကျင်းပသော မုံရွာမြို့ပေါ်ရှိ ပရိယတ္တိစာသင်တိုက်ကြီး ခြောက်တိုက်မှ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့်ဆွမ်းဟင်း လောင်းလှူပွဲနှင့် သီလရှင်ကျောင်း ခုနစ်ကျောင်းမှ သီလရှင်ဆရာကြီး/ ဆရာလေးများအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝန်းအတွင်း ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆွမ်း၊ ဆွမ်းဟင်းနှင့် ဆွမ်းဆန်စိမ်းများ လောင်းလှူရန် ပြင်ဆင်ထားမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်များမှ အရာထမ်း၊ အမှုထမ်းများနှင့် မိသားစုဝင်များက ပင့်သံဃာ ဆရာတော်၊ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းများ၊ သစ်သီးနှင့်အချိုပွဲများ လောင်းလှူခြင်းနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်စိမ်းများနှင့် ဝတ္ထုငွေများ လောင်းလှူကြသည်။**(အပေါ်ယာပုံ)**

အဆိုပါ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပသော မုံရွာမြို့ပေါ်ရှိ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းနှင့်ဆွမ်းဟင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး / ခရိုင်/ မြို့နယ်ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့်မိသားစုဝင်များက လစဉ်လောင်းလှူသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(မြန်/ဆက်)**



## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တန်းမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျောက်တန်းမြို့နယ် ကရင်ချောင်ကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။



အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သန်းထိုက်ရွှေက အမှာစကား ပြောကြားပြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝင်းလတ်က ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အခမ်းအနားဖွင့်ပွဲကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး သန်းထိုက်ရွှေ၊ သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အေးအေးကြူ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းခန့်အောင်၊ အဖွဲ့ဝင် ဦးစိုးမြင့်ကျော်နှင့် ကရင်ချောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ကရင်ချောင် ကျေးရွာ ကွန်ကရစ်လမ်း(ပေ ၄၆၀ x ၁၀ ပေx၆လက်မ) ခင်းခြင်းလုပ်ငန်းကို ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ VDP စီမံကိန်း ခွင့်ပြုရန်ပုံငွေ ငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေ ငွေကျပ် နှစ်သန်း စုစုပေါင်း ငွေကျပ် ၁၇ သန်းဖြင့် ကျေးလက်ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာကော်မတီမှ တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

## လှည်းကူးပညာရေးဒီဂရီကောလိပ်၌ ဥပဒေဆိုင်ရာအခြေခံများ သင်ကြားပို့ချ

**လှည်းကူး ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဆရာအတတ်ပညာဦးစီးဌာန လှည်းကူးပညာရေးဒီဂရီကောလိပ် ပညာ့အားမာန်ခန်းမ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့် ပတ်သက်၍ ဥပဒေဆိုင်ရာ အခြေခံများ သင်ကြားပို့ချခြင်းကို ဒီဇင်ဘာ ၂၆ ရက်က ကျင်းပသည်။



ထိုသို့ သင်ကြားပို့ချရာတွင် လှည်းကူးခရိုင် ဒုခရိုင်ဥပဒေအရာရှိဒေါ်စောယုဝေက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေနှင့် ပတ်သက်သော ဥပဒေဆိုင်ရာအခြေခံများ အကြောင်းကို သင်ကြားပို့ချသည်။ ဆက်လက်ပြီး လှည်းကူးပညာရေး ဒီဂရီကောလိပ် ပညာရေးဘာသာရပ်ဌာနမှ ဆရာ ဆရာမများက သင်ကြားပို့ချချက်များကို မေးခွန်းထုတ်ကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဉာဏ်စမ်းမေးခွန်းများကို ဖြေဆိုကြသည်။

အဆိုပါ သင်ကြားပို့ချခြင်းကို ၂၀၂၄-၂၀၂၅ပညာသင်နှစ်အတွင်း တစ်လလျှင် စာသင်ချိန် နှစ်ချိန် သင်ကြားပို့ချသွားမည် ဖြစ်ပြီး ဥပဒေဆိုင်ရာ အခြေခံများ သင်ကြားပို့ချခြင်းကို လှည်းကူးပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ကြီး ဒေါ်အေးအေးလွင်၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၉၅၅ ဦးခန့် တက်ရောက်၍ လေ့လာမှတ်သားခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

## ကန့်ကြီးထောင့်မြို့နယ်၌ မီးဘေးလုံခြုံရေးအသိပေးနှိုးဆော်

**ကန့်ကြီးထောင့် ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့၌ မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်၍ မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေးနှိုးဆော်ခြင်းကို ဒီဇင်ဘာ ၂၆ရက်တွင် မြို့နယ်မီးသတ်ဦးစီးဌာနက လိုက်လံဆောင်ရွက်သည်။

ကန့်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး၏ ကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များက မီးကိုစနစ်တကျသုံးစွဲရမည့် အချက်များနှင့် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေပုံး၊ သဲပုံးများ အသင့်ထားရှိရန်၊ လောင်စာဆီများ စည်းကမ်းမဲ့ သိုလှောင်အသုံးပြုခြင်း၊ ရောင်းချခြင်းများ မပြုလုပ်ကြရန်နှင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ်ဖုန်း ၁၉၁၊ ကန့်ကြီးထောင့်မြို့နယ် မီးသတ်စခန်းဖုန်းနံပါတ် ၀၄၂၄၅၂၁၁ များသို့ ချက်ချင်းဆက်သွယ် သတင်းပို့ကြရန် အစရှိသဖြင့် အသိပေးနှိုးဆော်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**



## ညောင်တုန်းမြို့နယ်၌ မီးဘေးလုံခြုံရေး အသိပညာပေးစစ်ဆေး

**ညောင်တုန်း ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးစစ်ဆေးဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၂၇ ရက် နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမင်းသူဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စက်သုံးဆီအရောင်းဆိုင်ဝန်ထမ်းများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးငြိမ်းသတ်ခြင်းဆိုင်ရာ အသိပညာပေးအကြောင်းအရာများကို ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(မြန်ဆက်)**



### PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိအခြေခံပညာကျောင်းသား၊ကျောင်းသူများအတွက်သင်ကြားသင်ယူမှုတွင်အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် လွယ်ကူလေ့လာအင်္ဂလိပ်စာ Grade-4 မှ Grade-12 အထိ တန်းစဉ် Grammar ရှင်းလင်းချက်များအပါအဝင် လေ့ကျင့်ခန်းများနှင့်အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။

မြန်မာ့အလင်းစာတည်းအဖွဲ့

## Grade (7) Unit (2)

၉ - ၁၂ - ၂၀၂၄ ရက်နေ့မှအဆက်-

**More fill up gap exercises using the following words. Interviewing and Asking Information.**

Could you tell me..........?
Can you explain..........?
How do you..........?
Would you mind sharing..........?
Could you describe..........?
What are your thoughts on..........?
Could you clarify..........?
How often do you..........?
What would you say are..........?
How did you..........?
In what way..........?
What experience do you have with..........?
How do you feel about..........?
Why did you choose..........?
What are the challenges..........?
What would you improve in..........?
How has your experience with.......... been?

**Exercises 1:**

**Complete the questions with the appropriate phrase.**

1. ..........the process of applying for this job?
2. .......... your biggest strengths and weaknesses?
3. .......... your previous role at [Company's Name]?
4. .......... you faced in your last position?
5. .......... to leave your previous job?
6. .......... your career goals for the next five years?
7. .......... your availability to start a new position?
8. .......... your salary expectations?
9. .......... about working overtime?
10. .......... your experience with [specific software/skill]?

**Answer Keys**

1. Can you explain the process of applying for this job?
2. What would you say are
3. Could you describe
4. What are the challenges
5. Why did you choose
6. What are
7. What is
8. What are
9. How do you feel
10. What is

**Here are some common adjectives used to describe personality traits:**

**Positive Traits**

**Positive** : optimistic, cheerful, hopeful, positive
**Negative** : pessimistic, gloomy
**Work Ethic** : hardworking, diligent, industrious, dedicated
**Social** : outgoing, sociable, friendly, gregarious, extroverted
**Intellectual** : intelligent, clever, bright, sharp, brilliant
**Emotional** : empathetic, compassionate, sensitive, caring, considerate
**Moral** : honest, trustworthy, reliable, truthful
**Assertive** : confident, self-assured

**Fill in the blanks with the appropriate adjective from the list below:**

confident (ယုံကြည်), shy (ရှက်), patient (စိတ်ရှည်), impulsive (စိတ်လိုက်မာန်ပါလုပ်တတ်), creative (ဖန်တီးတတ်), organized (စီစဉ်၊ စီမံ), outgoing (ဖော်ရွေ၊ ပျော်ရွှင်စွာနေတတ်), pessimistic (အဆိုးမြင်), optimistic (အကောင်းမြင်), determined (စိတ်ပိုင်းဖြတ်/ သန္နိဋ္ဌာန်ချထား)

1. She is very .......... and always sees the bright side of things.
2. He is quite .......... and often acts without thinking.
3. My sister is very .......... and loves to paint and draw.
4. John is a very .......... person and loves to meet new people.
5. She is very .......... and always finishes her work on time.
6. He is quite .......... and doesn't like to talk to strangers.

**Answer Keys**

1. optimistic 2. impulsive
3. creative 4. outgoing
5. organized 6. shy

## Grade (8) Unit (2)

၂၃ - ၁၂ - ၂၀၂၄ ရက်နေ့မှအဆက်-

**Overview of making requests, offers, asking for permission, and responding to each.**

1. **Making Requests**

When we make a request, we are politely asking someone to do something for us. Common phrases include:

Could you…?
Would you mind…?
Can you…?
Would you…?

**Examples:**

Could you pass me the salt, please?
Would you mind helping me with this project?
Can you open the window, please?

**Responses to Requests:**

**Positive responses:** Sure, no problem. / Of course. / I'd be happy to.

**Negative responses:** I'm afraid I can't. / Sorry, but I'm busy right now.

2. **Making Offers**

When we make an offer, we are asking if the other person would like us to do something for them. Common phrases include:

Would you like…?
Can I…?
Shall I…?
Do you want me to…?

**Examples:**

Would you like some coffee?
Can I help you with those bags?
Shall I take your coat?
Do you want me to call you a taxi?

**Responses to Offers:**

**Accepting:** Yes, please. / That would be great, thank you. / Sure, thanks.

**Declining:** No, thank you. / I'm fine, but thanks anyway. / No, I've got it.

3. **Asking for Permission**

When we ask for permission, we are seeking approval to do something. Common phrases include:

Can I…?
Could I…?
Do you mind if I…?
Is it okay if I…?

**Examples:** Can I borrow your pen?
Could I leave a bit early today?
Do you mind if I open the window?
Is it okay if I bring a friend?

**Responses to Asking for Permission:**

**Granting permission:** Yes, go ahead. / Sure, that's fine. / I don't mind at all.

**Denying permission:** I'm afraid not. / I'm sorry, but that's not possible. / No, that's not allowed.

**Exercises 1:**

**Choose the correct phrase to complete each sentence.**

1. .......... help you with that box? (**Shall I / Can I**)
2. .......... open the window? (**Do you mind if I / Shall I**)
3. .......... borrow your book for the weekend? (**Can I / Shall I**)
4. .......... a glass of water? (**Would you like / Do you mind if I**)
5. .......... please lend me a pen? (**Could you / Shall I**)

**Answer Keys**

1. Shall 2. Do you mind 3. Can I
4. Would you like 5. Could you

**Exercises 2:**

**Choose the most appropriate response.**

1. Could you help me move these boxes?
   (a) No, thank you. (b) Sure, no problem!
   (c) I don't mind if you do.
2. Would you like some coffee?
   (a) No, that's not allowed.
   (b) Yes, please. That would be nice.
   (c) No, I don't mind.
3. Is it okay if I use your phone?
   (a) Yes, go ahead. (b) No, thank you. (c) Yes, please.
4. Shall I take your coat?
   (a) I'm sorry, but I can't. (b) No, I'm fine, thanks.
   (c) No, that's not possible.
5. Can I borrow your notes?
   (a) Sure, here you go. (b) No, thank you.
   (c) I'd be happy to help you.

**Answer Keys**

1. b 2. b 3. a 4. b 5. a

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (English for Students Supplement Editorial Group) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

## မကွေးတက္ကသိုလ်၌ ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးနှင့် ဘာသာရပ်ဆိုင်ရာအရည်အသွေးမြှင့်ဆွေးနွေးပွဲ အခမ်းအနားကျင်းပ



**မကွေး ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မကွေးမြို့ မကွေးတက္ကသိုလ်နှင့် မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သည့် ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ် အခြေခံပညာအထက်တန်းဆင့်သင် ဆရာ ဆရာမများအား သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေးနှင့် ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်ဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၉နာရီက မကွေးတက္ကသိုလ် ဘွဲ့နှင်းခန်းမ၌ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အဖွဲ့ဝင်ဝန်ကြီးများ၊ မကွေးတက္ကသိုလ်ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပညာရေးဌာနမှ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဘာသာရပ်ဆိုင်ရာ နည်းပြများ၊ ဆွေးနွေးပွဲ တက်ရောက်မည့် ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများ တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူသားအရင်းအမြစ်က အဓိကအကျဆုံးဖြစ်သလို လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ဖွံ့ဖြိုးရန်အတွက် ပညာရေးမြှင့်မားရန်လည်း အရေးပါကြောင်း၊ အခြေခံပညာ အထက်တန်းဆင့်ကို သင်ရိုးသစ်နှင့် အကောင်အထည်ဖော်ဆောင်ရွက်နေရာ သိပ္ပံဘာသာရပ်များဖြစ်သည့် ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ ဘာသာရပ်များ လက်တွေ့သင်ခန်းစာများသင်ကြားရာတွင် အခက်အခဲတချို့တွေ့ကြုံနေရသည့်အတွက် တာဝန်ရှိသူများက သင်ထောက်ကူ လက်တွေ့အသုံးချသင်တန်းနှင့် စွမ်းရည်မြှင့်ဆွေးနွေးပွဲများ ကျင်းပပေးခြင်းဖြစ်ကြောင်း၊ ယခု တက်ရောက်လာကြသည့် ဆရာ ဆရာမများအနေဖြင့် သင်ရိုးသစ်ပညာရေး စနစ်သစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သင်ကြား၊ သင်ယူမှုအောင်မြင်စေရန်အတွက် အဓိကလိုအပ်သော ဘာသာရပ်ကျွမ်းကျင်မှုအတွက် တစ်ဖက်က ကြိုးစားလေ့လာရင်း ထိရောက်အောင်မြင်အောင် မည်သို့သင်ကြားပေးရမည်ဆိုသည့် သင်နည်းစနစ်ကို ပါ ကြိုတင်တွေးတော ပြင်ဆင်ထားကြရန် မှာကြားလိုကြောင်း၊ "ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်ကြီးကို တည်ဆောက်ရာတွင် ပညာရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ကာ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထူးချွန်ထက်မြက်ပြီး အရည်အသွေးပြည့်ဝသည့် ဆရာများစွာလိုအပ်သလို ထူးချွန်ထက်မြက်ပြီး အရည်အသွေးပြည့်ဝသည့် ဆရာတစ်ယောက် ဖြစ်လာစေရန် အထောက်အကူရရှိမည့် သင်ယူလေ့လာမှုတိုင်းကို စနစ်သစ်ပညာရေးအား စဉ်ဆက်မပြတ် လေ့လာသင်ယူနေမှသာ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ "ပညာရေးသည် နိုင်ငံ့အရေး ဖြစ်သည်" ဆိုသည့်အတိုင်း နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရည်ပြည့်ဝသော အသိပညာရှင်၊ အတတ်ပညာရှင်များစွာရရှိရန် လိုအပ်ကြောင်း၊ မိမိတို့ သင်ကြားပို့ချရမည့် ဘာသာရပ်ကို ကျွမ်းကျင်ပိုင်နိုင်ရုံမျှသာမက ကလေးများကိုယ်တိုင် သင်ယူခွင့်များ တိုးတက်လာအောင် လေ့ကျင့်ပြုစုပေးနိုင်မှသာ သင်ကြားရေးအောင်မြင်သော ဆရာ ဆရာမများအဖြစ် ရပ်တည်နိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးက Grade-12 အောင်ချက်မြင့်မားရေး ဆွေးနွေးပွဲဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ အရည်အသွေးမြှင့်ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ မကွေးမြို့ အထက-၁၊ အထက-၂၊ အထက-၄ နှင့် မကွေးတက္ကသိုလ်တို့၌ ကျင်းပသွားမည်ဖြစ်ပြီး မကွေးတက္ကသိုလ်နည်းပြများဦးဆောင်၍ Grade-12 သင် ဆရာ ဆရာမ ၂၄၈၉ ဦးအားလည်းကောင်း၊ သင်ထောက်ကူပစ္စည်းများ လက်တွေ့အသုံးချသင်ကြားနိုင်ရေး ဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်များတွင် မကွေးတက္ကသိုလ်ရှိ ဘာသာရပ်ကျွမ်းကျင်နည်းပြများ၊ ကထိကများနှင့် ပါမောက္ခများက သိပ္ပံဘာသာရပ် အထက်တန်းဆင့်သင် ဆရာ ဆရာမ ၁၄၀၄ ဦးတို့အား လက်တွေ့သင်ကြားပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

## ကျောက်ဆည်မြို့နယ်၌ ရောမင်းမိုးစပါးများ ရိတ်သိမ်းရာ အကျိုးအမြတ်များရရှိ

**ကျောက်ဆည် ဒီဇင်ဘာ ၂၉**

မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် ဒေသအတွင်း ဆန်စပါးဖူလုံ ပိုလျှံရေး ဆည်ရေသောက်စနစ်ကို အဓိကအားထားပြီး ဒေသနှင့် ကိုက်ညီသည့် ရောမင်း၊ မနောသုခ၊ ရွှေမနော၊ ဆင်းသုခ မိုးစပါး စိုက်ပျိုးခဲ့ကြောင်းနှင့် ယနေ့နံနက်ပိုင်းက ကုလကျေးရွာ ကွင်းအမှတ်(၂၇၂)၊ ဦးပိုင်အမှတ်(၅) တောင်သူ ဦးစိန်အောင် စိုက်ပျိုးထားသော ရောမင်း စပါးစိုက်ခင်းများ ရိတ်သိမ်းခဲ့ရာ အကျိုးအမြတ်များ ရရှိကြောင်း သိရသည်။



ရောမင်းမိုးစပါး တစ်ဧကအထွက်နှုန်းမှာ တစ်ဧက စပါး ၉၃ တင်းထွက်ရှိသောကြောင့် အကျိုးအမြတ်ရရှိကြောင်း တောင်သူ ဦးစိန်အောင်က ပြောသည်။

ကျောက်ဆည်မြို့နယ်အနေဖြင့် မိုးစပါးများ စိုက်ပျိုးရာတွင် ဇော်ဂျီ ကင်းတား၊ သစ်တက်ကုန်း၊ ဆည်ရေများအပြင် မိုးကောင်းရေသောက်စနစ်၊ မြေအောက်စက်ရေတွင်း စနစ်များဖြင့် အမျိုးမျိုးစိုက်ပျိုးကြကြောင်းနှင့် ဇော်ဂျီဆည်ရေသောက်စနစ်ဖြင့် ၃၅၉၉၉ ဧက၊ ကင်းတားဆည်ရေသောက်စနစ်ဖြင့် ၁၆၀၂၇ ဧက၊ သစ်တက်ကုန်း ဆည်ရေသောက်စနစ်ဖြင့် ၄၃၆ ဧက၊ မိုးကောင်းရေသောက်စနစ်ဖြင့် ၂၄၇ ဧက၊ စက်ရေတွင်းစနစ်ဖြင့် ဧက ၁၁၀ စုစုပေါင်း ၅၂၈၁၉ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရှေးဟောင်းသမိုင်းဝင် ဆင်တောင်(လွိုင်စန့်)ဘုရားစေတီ ရှေးမူမပျက်ပြုပြင်နိုင်ရေး တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**မိုးနဲ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် ဆင်တောင် (လွိုင်စန့်) ဘုရားစေတီ ရှေးမူမပျက် ဘက်စုံပြုပြင်နိုင်ရေးအတွက် ရှမ်းပြည်နယ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘုန်းကျော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဂေါပကဥက္ကဋ္ဌ ဦးတိုးလှနှင့် ဆင်တောင်(လွိုင်စန့်) ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရေးနှင့် ကြီးကြပ်ရေးကော်မတီအတွင်းရေးမှူး ဦးစိုင်းမောင်ကြီးတို့က ဒီဇင်ဘာ ၂၈ ရက်က ကွင်းဆင်းကြည့်ရှုသည်။

ထိုသို့ကြည့်ရှုရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ကြီးကြပ်ရေး ကော်မတီအတွင်းရေးမှူးတို့က ဆင်တောင်ဘုရားမြေထိန်းနံရံဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာငွေ စုဆောင်းထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ်ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးက ရှေးမူမပျက် ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သော နည်းပညာ၊ ပညာရှင်များနှင့် ပေါင်းစပ်၍ အမြန်ဆုံး ပြုပြင်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**

## Asean Cup ဗိုလ်လုပွဲသို့ ဗီယက်နမ်အသင်း ငါးကြိမ်မြောက် တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

၂၀၂၄ Asean Cup ပြိုင်ပွဲ ဆီမီးဖိုင်နယ် ဒုတိယအကျော့အဖြစ် ဗီယက်နမ်အသင်းနှင့် စင်ကာပူအသင်းတို့ ဒီဇင်ဘာ ၂၉ ရက်က ဗီယက်နမ်နိုင်ငံ၌ ယှဉ်ပြိုင်ကစားရာ ဗီယက်နမ်အသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ဗီယက်နမ်အသင်းသည် ပထမအကျော့ အဝေးကွင်းပွဲတွင် နှစ်ဂိုးပြတ်အနိုင်ရထားပြီး နှစ်ကျော့ပေါင်းရလဒ် ငါးဂိုး-တစ်ဂိုးဖြင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်အသင်းသည် Asean Cup ဗိုလ်လုပွဲသို့ ငါးကြိမ်မြောက် တက်ရောက်နိုင်ခြင်းလည်း ဖြစ်သည်။

ဗီယက်နမ်အသင်းသည် ယခုပွဲတွင် ပယ်နယ်တီနှစ်ကြိမ်အပါအဝင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ စင်ကာပူအသင်းသည် အဝေးကွင်း၌ ရလဒ်ကောင်းရရန် ရုန်းကန်ခဲ့ပြီး ပွဲအစ ၁၀ မိနစ်တွင် ဦးဆောင်ဂိုးရသော်လည်း VAR ကြည့်ပြီး ပြန်လည်ပယ်ဖျက်ခံရသည်။ ပထမပိုင်းပြီးခါနီးတွင် ဗီယက်နမ်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ပယ်နယ်တီမှတစ်ဆင့် ဘရာဇီးဖွား ငုယင်ရှောင်ဆန်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်အသင်းသည် ဒုတိယပိုင်းတွင်လည်း ကစားအားမချဘဲ ဆက်လက်ဖိကစားရာ ၆၃ မိနစ်တွင် ငုယင်ရှောင်ဆန်က ဒုတိယဂိုး ထပ်မံသွင်းယူသည်။ ၇၄ မိနစ်တွင် နာကာမူရာက စင်ကာပူအသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်သွင်းသော်လည်း ပွဲအဖြေမပြောင်းလဲနိုင်ဘဲ ၉၀+၂ မိနစ်တွင် ငုယင်သီလင်က ဗီယက်နမ်အသင်းအတွက် ပယ်နယ်တီမှတစ်ဆင့် တတိယဂိုး သွင်းယူခဲ့သည်။

ဆီမီးဖိုင်နယ် ဒုတိယပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့၏ ဒုတိယအကျော့ကို ဒီဇင်ဘာ ၃၀ ရက် မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်**

သစ်တောမှန်လျှင် အသုံးဝင်၊
အစဉ်ထာဝရ ထိန်းသိမ်းကြ

ဒီဇင်ဘာ ၃၁ ရက် နံနက်ပိုင်းမှာ ပရီမီယာလိဂ်ပွဲစဉ် (၁၉) မှ ပွဲစဉ် သုံးပွဲကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ ရှုံးပွဲဆက်နေတဲ့ မန်ယူနဲ့ နိုင်ပွဲဆက်နေတဲ့ နယူးကာဆယ်အသင်းတို့အပြင် ကစားပုံမာကျောတဲ့ အက်စ်တွန်ဗီလာနဲ့ ဘရိုက်တန်၊ တန်းဆင်းဇုန်မှ လွတ်မြောက်ဖို့ ခြေကုန်ထုတ်လာမယ့် အစ်ဆွစ်နဲ့ အမှတ်ပေးဇယားဦးဆောင်နေတဲ့ လီဗာပူးကို ထပ်ကြပ်မကွာဖိအားပေးဖို့ ကြိုးစားလာမယ့် ချယ်ဆီးတို့ ဆုံတွေ့နေတာကြောင့် လက်မလွှတ်စတမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

| ပရီမီယာလိဂ်ပွဲစဉ် (၁၉) |
|---|
| ၃၁-၁၂-၂၀၂၄ အင်္ဂါနေ့ |
| နံနက် ၂း၁၅ |
| ဗီလာ - ဘရိုက်တန် |
| အစ်ဆွစ် - ချယ်ဆီး |
| ည ၂း၃၀ |
| မန်ယူ - ကာဆယ် |

# ကစားဟန်မာကျောသည့် ကာဆယ်ကို အိုးထရက်ဖို့ဒ်မှာ မန်ယူတို့ ကျော်ဖြတ်သွားနိုင်မလား...

■ မိုးဇက် - စုစည်းသည်

## အက်စ်တွန်ဗီလာ VS ဘရိုက်တန်

နှစ်သင်းကြား ခြေစွမ်းကွာဟမှု နှစ်မှတ်သာရှိပြီး တိုက်စစ်၊ ခံစစ် အားကောင်းတဲ့အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်တဲ့အတွက် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ နှစ်သင်းစလုံး နိုင်ပွဲပြန်လည်ရှာတွေ့ဖို့ ခြေကုန်ထုတ်လာမှာဖြစ်တာကြောင့်လည်း ပြိုင်ဆိုင်မှု ပြင်းထန်လာမှာပါ။ ဗီလာက ပြီးခဲ့တဲ့ပွဲစဉ်မှာ ကာဆယ်ကို ဂိုးပြတ်ရှုံးနိမ့်ထားသလို ပြိုင်ဘက်ဘရိုက်တန်အသင်းကလည်း နောက်ဆုံး ခြောက်ပွဲဆက် နိုင်ပွဲရရှိထားခြင်း မရှိသေးဘူး။ ခြေစွမ်းသာတဲ့ အသင်းထက် အဆုံးသတ်သေချာတဲ့အသင်းကသာ နိုင်ပွဲရရှိမယ်။




ဒုရမ်
ဗီလာ (တိုက်စစ်)
၁၈ ပွဲကစား၊ ၇ ဂိုးသွင်း

**ဗီလာနဲ့ ဘရိုက်တန်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်**

| | | | |
|---|---|---|---|
| ဘရိုက်တန် | ၁ - ၀ | ဗီလာ | ပရီမီယာလိဂ် |
| ဗီလာ | ၆ - ၁ | ဘရိုက်တန် | ပရီမီယာလိဂ် |
